# ၁၉၃၀ တဝိုက် မြန်မာပြည်နိုင်ငံရေးသမိုင်း

ဒိန်းဝေမြိုင်

# ၁၉၃၀ တပိုက် မြန်မာနိုင်ငံရေးသမိုင်း

သိန်း ဖေ မြင့်

နံ့သာစာအုပ်
၁၃၊ ၁၀၇ လမ်း၊ တောင်ညွှန့်
ရန်ကုန်။ ဖုန်း ၁၂၀၀၂

ပုံနှိပ် ထုတ်ဝေမှု

ဦးသန်းဆွေ၊ နံ့သာပုံနှိပ်လုပ်ငန်း (၀၂၀၅) ၁၃၊ ၁၀၇ လမ်း၊ တောင်ညွန့်၊ ရန်ကုန်က တာဝန်ခံပုံနှိပ်၍၊ ဦးအုန်းဖေ (အောင်ဟိန်း)၊ စိန်စာပေ (၀၉၇၉) အမှတ် ၃၈၊ ဦးဖိုးထူးလမ်း၊ ကြည့်မြင်တိုင် ရန်ကုန်က တာဝန်ခံ ထုတ်ဝေသည်။

# မာတိကာ


- နိဒါန်း ၁

၁။ ၁၉၃၀ တဝိုက် ကမ္ဘာ့စီးပွားရေးကပ် ၇

၂။ ၁၉၃၀ တဝိုက် မတိုင်မီက နိုင်ငံရေး အဖွဲ့အစည်းများ ၁၇

၃။ ဒိုင်အာခီ သပိတ်မှောက်သူတို့ ကွဲပုံ ၂၃

၄။ ဘုန်းတော်ကြီးများနှင့် မြန်မာနိုင်ငံရေး ၂၇

၅။ စီးပွားရေး သွေးစုတ်ချယ်လှယ်မှုကို ဆန့်ကျင်ကြပုံ ၃၅

၆။ ဘူးတလုံးဆောင်သော ဦးစိုးသိန်း ဂျီ စီ ဘီ အေ ၄၁

၇။ ပြင်ပကမ္ဘာနှင့် ဆက်သွယ်ရေး ၄၉

၈။ ဦးစိုးသိန်း ဂျီ စီ ဘီ အေ ကွဲပုံ ၅၃

၉။ ဆိုင်မွန် ကော်မရှင် ၅၇

၁၀။ ပြန်လည် ညီညွတ်ရေး ကြိုးပမ်းမှုများ ၆၁

၁၁။ ခွဲရေး တွဲရေးနှင့် နယ်ချဲ့ပရိယာယ် ၆၉

၁၂။ မကြာမီ ဆက်ပါဦးမည် ၇၃

၁၃။ ကုလား ဗမာ အဓိကရုဏ်း ၇၇

၁၄။ တို့ဗမာအစည်းအရုံးနှင့် စတင်တည်ထောင်ခြင်း ၈၄

၁၅။ မျက်နှာစုံညီ အစည်းအဝေးနှင့် ခွဲရေးတွဲရေး ၉၇

၁၆။ ပထမဆုံး မြန်မာနိုင်ငံဖြစ်ခြင်း ၁၀၃

၁၇။ ဆရာစံခေါင်းဆောင်သော ဂဠုန်သူပုန် ၁၀၇

နိုင်ငံရေးဆိုင်ရာ စာပေခွင့်ပြုချက် အမှတ် ၄၇၉ - က
၁၉၇၀ ဒီဇင်ဘာ၊ စောင်ရေ ၅၂၀၀

# နိဒါန်း

ကျွန်တော်ဟာ လွန်ခဲ့တဲ့ စနေနေ့ (၁၆-၇-၆၉)က ပညာရေး တက္ကသိုလ်မှာ သမိုင်းဌာနက ကြီးမှူးပြီး '၁၉၃၀ ခုနှစ် တဝိုက် မြန်မာနိုင်ငံရေးသမိုင်း' ဆိုတဲ့ ခေါင်းစဉ်နဲ့ ဟောပြောခဲ့ရပါတယ်။

ပုံနှိပ် ထုတ်ဝေသူ အချို့က ထို ဟောပြောချက်ကို ရေးပြီးသား ရှိသလားလို့ မေးကြတယ်။

စာဖတ် ပရိသတ် အချို့ကလဲ ရေးထားတဲ့ ဟောပြောချက် ဖြစ်ခဲ့လို့ရှိရင် ဖတ်ပါရစေလို့ ဆိုကြတယ်။

ဒါနဲ့ဘဲ ကျွန်တော်လဲ ထိုဟောပြောချက်ကို ရေးလိုက်ရန် ဆုံးဖြတ်လိုက်ပါတယ်။

၁၉၃၀ ခုနှစ် တဝိုက်လို့ ကျွန်တော် ဖော်ပြ လိုက် တာက တော့ ၁၉၃၀ ပြည့်နှစ် သာမက သည့်အရင် ဖြစ်တဲ့ ၁၉၂၈ နှင့် ၁၉၂၉၊ သည့်နောက် ဖြစ်တဲ့ ၁၉၃၁ နှင့် ၁၉၃၂ စတဲ့ နှစ်များပါ အကျုံးဝင် သွားအောင် ဖြစ်ပါ တယ်။ တနွယ်ငင် တစင်ပါ ဆိုတာလို ၁၉၂၇ နှင့် ၁၉၃၃ တို့တောင် ပါသွားနိုင်သေးတယ်ဗျာ။

၁၉၃၀ ပြည့်နှစ်ကို ဘာကြောင့် သမိုင်းမှတ်တိုင် အဖြစ်ဖြင့် ကျွန်တော် ရွေးချယ်လိုက်သလဲ။

ကမ္ဘာ့ သမိုင်းမှာရော၊ မြန်မာနိုင်ငံရဲ့ သမိုင်းမှာပါ မှတ်လောက် သားလောက် ကြီးကျယ် ထင်ရှားတဲ့ ဖြစ်ပျက်ရပ်များဟာ ၁၉၃၀ ပြည့်နှစ် တဝိုက်မှာ ဖြစ်ပွားခဲ့လို့ပါဘဲ။

ကမ္ဘာ့ အရင်းရှင် စီးပွားရေးကပ်ကြီး ဆိုက်ရောက်ခဲ့တယ်။ ဖက်ဆစ်ဝါဒီတွေ အားကောင်းလာပြီး ဂျာမနီပြည်မှာ အာဏာရခဲ့တယ်။ ဂျပန် စစ်ဝါဒီတွေက တရုတ်ပြည်ကို ကျူးကျော်စစ်ပြုပြီး မန်ချူးရီးယားကို သိမ်းခဲ့တယ်။

မြန်မာပြည်မှာ ကုလား-ဗမာ (ပထမ) အဓိကရုဏ်း ဖြစ်ခဲ့တယ်။ ဆရာစံ ခေါင်းဆောင်တဲ့ ဂဠုန် သူပုန် အရေးတော်ပုံ ပေါ်ခဲ့တယ်။ တို့ဗမာ အစည်းအရုံးအုတ်မြစ်ချတယ်။

ကုလား-ဗမာ အဓိကရုဏ်း၊ ဆရာစံ ဂဠုန် သူပုန်၊ တို့ဗမာ အစည်းအရုံးစတဲ့ ဖြစ်ရပ်တွေဟာ ၁၉၃၀ပြည့်နှစ်နှင့် နောက်ပိုင်းမှာ ဖြစ်ပျက်ခဲ့ကြတယ်။ သူတို့ရဲ့ သမိုင်းရေသောက်မြစ်ဟာ ၁၉၃၀ပြည့်နှစ်မတိုင်မီ နှစ်များက နိုင်ငံရေး အခြေအနေထဲမှာ တွယ်ခဲ့တယ်။

ဒါကြောင့် ဗြိတိသျှ နယ်ချဲ့သမားနှင့် အလိုတော်ရိများ၊ ပြည်သူ ပြည်သားပါတီ ခေါ်တဲ့ ၂၁ဦး ပါတီ။ ဦးချစ်လှိုင်ကြီးမှူးသော ဂျီစီဘီအေ (မြန်မာ အသင်းချုပ်ကြီး)၊ သက်ပန်းဆရာတော် ဩဝါဒခံ ဦးစိုးသိန်း ကြီးမှူးသော ဂျီစီဘီအေ နှင့် ရေဦး ဆရာတော် ဩဝါဒခံ ဦးစုကြီးမှူးသော ဂျီစီဘီအေ တို့ရဲ့ နိုင်ငံရေး လှုပ်ရှားမှု များကို နားလည်ဘို့လိုအပ်တယ်။

ဒါတင်မကသေးဘူး။ မြန်မာ့ သမိုင်းကို လေ့လာတဲ့ အခါမှာ ကမ္ဘာ့ သမိုင်းကိုလဲ အကြမ်းဖျင်း နားလည်ဘို့ လိုသေးတယ်။ ကမ္ဘာ့သမိုင်း နောက်ခံ ကားချပ်ကြီးကို မြင်ထားရမယ်။

၁၉၃၀ပြည့်နှစ်တဝိုက်တုန်းက ကမ္ဘာ့စီးပွားရေးအခြေအနေ၊ ကမ္ဘာ့နိုင်ငံရေး အခြေအနေ စသည်များကို အခြေခံမှ လေ့လာရမယ်။ ဘာ့ကြောင့်လဲဆိုတော့ ကမ္ဘာ့နိုင်ငံရေး၊ စီးပွားရေး အခြေအနေများဟာ မြန်မာ့ စီးပွားရေး၊ နိုင်ငံရေး အခြေအနေများကို ဂယက်ရိုက်နေလို့ ဖြစ်တယ်။

အထူးသဖြင့် မြန်မာနိုင်ငံဟာ အင်းဂလိပ်နယ်ချဲ့လက်အောက် ကျရောက်တဲ့ အခါမှာ ကမ္ဘာ့ အရင်းရှင်စနစ် ဩဇာနယ်ပယ် အတွင်း လုံးဝ ရောက်သွားခြင်းဖြစ်သဖြင့် ကမ္ဘာ့ စီးပွားရေး

အခဆောက်အအုံကြီးထဲမှာ တစိတ်တပိုင်း ဖြစ်သွားတယ်။ကမ္ဘာ့ ဖြစ်ပျက်ရပ်များရဲ့ ဂယက်ရိုက်ခတ်မှုများကို မြန်မာပြည်က မလွှဲမရှောင်သာ ခံစားရတယ်။

၁၉၃၀ပြည့်နှစ်တဝိုက် ကမ္ဘာ့ဖြစ်ပျက်ရပ်တွေထဲမှာ အရေးအကြီးဆုံးကတော့ ကမ္ဘာ့ စီးပွားရေးကပ်ကြီး ဖြစ်တယ်ဗျာ။

# ၁၉၃၀ ဆယ်စုနှစ်က ကမ္ဘာ့ စီးပွားရေး ကပ်ကြီး

၁၉၃၀ တဝိုက်က တကမ္ဘာလုံးရှိ အရင်းရှင် နိုင်ငံတိုင်းမှာ စီးပွားရေးကပ် သင့်ခဲ့တယ်။ အရင်းရှင် နိုင်ငံကြီးများ တိုက်ရိုက် အုပ်စိုးသော ကိုလိုနီ နိုင်ငံများတွင် သော်လည်းကောင်း၊ သွယ်ဝိုက် ခြေဗာပျံ့နှံ့ရာ ကိုလိုနီတပိုင်း နိုင်ငံများတွင် သော်လည်းကောင်း စီးပွားရေးကပ် ကူးစက် ပျံ့နှံ့ခဲ့တယ်။

တချို့ နိုင်ငံများမှာ ၁၉၃၀ ပြည့်နှစ်ထက် အနည်းငယ် စော ပြီး၊အချို့နိုင်ငံများမှာတော့ ၁၉၃၀ ပြည့်နှစ်ထက် အနည်းငယ် နောက်ကျကာ စီးပွားရေးကပ် ဖြစ်ကြတယ်။ အချို့နိုင်ငံများမှာ တော့ ၁၉၃၀ပြည့်နှစ်မှ စပြီး ၁၉၃၃ ခု ကျမှ ဆုံးသွားတယ်။

ဆိုဗီယက် ယူနီယံမှတပါး ကမ္ဘာရှိ နိုင်ငံတိုင်းသို့ စီးပွားရေး ကပ်ကြီး ဆိုက်ရောက်ခဲ့တယ်။ ဆိုရှယ်လစ်စနစ် ထွန်းကားနေတဲ့

ဆိုဗီယက် ယူနီယံရဲ့ အကျယ်အဝန်းဟာ ကမ္ဘာ့မြေပြင်ရဲ့ ၆ပိုင်း တပိုင်းရှိတဲ့အတွက် ကမ္ဘာ့မြေပြင်ရဲ့ ၆ပိုင်း ၅ပိုင်းဟာ စီးပွားရေး ကပ်ကြီးရဲ့ ဒဏ်ကို ခံလိုက်ရတယ်။

ဒီ စီးပွားရေးကပ်ကြီး ဘာ့ကြောင့်ဖြစ်တယ်ဆိုတဲ့အကြောင်း များနှင့်ပတ်သက်လို အငြင်းပွားနိုင်တယ်။ သို့သော် ၁၉၃၀ ပြည့်နှစ် တဝိုက်မှာ အရင်းရှင် စီးပွားရေးကပ်ကြီး ဖြစ်ပွားခဲ့တယ် ဆိုတဲ့ ဖြစ်ရပ်နှင့်ပတ်သက်လို့တော့ မငြင်းနိုင်ကြတော့ဘူး။

ကမ္ဘာ့စီးပွားရေးကပ်ကြီး ဖြစ်တဲ့အတွက် အထင်အရှားဆုံး ရလပ်က ဘာလဲ။စက်မှုလုပ်ငန်းမှာ ကုန်ထုတ်လုပ်မှု ကျဆင်းခြင်း ဖြစ်ပါတယ်။

အင်အား အတောင့်တင်းဆုံးနှင့် အကြီးကျယ်ဆုံး အရင်းရှင် နိုင်ငံဖြစ်တဲ့ အမေရိကန် ပြည်ထောင်စုမှာ အဆိုးရွားဆုံး ဖြစ်ခဲ့တယ်။

၁၉၂၉-ခုနှစ်က စက်မှုလုပ်ငန်း ကုန်ထုတ်လုပ်မှု ပမာဏကို ၁၀၀ ထားလျှင် ကပ်ဆိုက်သော နှစ်များမှာ တဖက်ပါ အတိုင်း တွေ့ရမယ်။

ဂရိတ်-ဗြိတိန်အနေနှင့် ကြည့်လျှင် ဒီ စီးပွားရေးကပ်ကြီး အတောအတွင်းမှာ အခြား အရင်းရှင် နိုင်ငံကြီးများလောက် မဆိုးရွားဘူးလို့ ထင်ရသော်လဲ ၁၉၁၃ ခုနှင့် စာလျှင် ကုန်ထုတ် လုပ်မှုဟာ များစွာကျဆင်းနေကြောင်း တွေ့ရတယ်။(၁၉၁၃ ခု

| | ၁၉၂၉ | ၁၉၃၀ | ၁၉၃၁ | ၁၉၃၂ | ၁၉၃၃ |
|---|---|---|---|---|---|
| အမေရိကန်ပြည်ထောင်စု | ၁၀၀ | ၈၀ ဒသမ ၇ | ၆၈ ဒသမ ၁ | ၅၃ ဒသမ ၈ | ၆၄ ဒသမ ၉ |
| ဂရိတ်-ဗြိတိန် | ၁၀၀ | ၉၂ | ၈၃ ဒသမ ၈ | ၈၃ ဒသမ ၈ | ၈၆ ဒသမ ၁ |
| ဂျာမနီ | ၁၀၀ | ၈၈ ဒသမ ၃ | ၇၁ ဒသမ ၇ | ၅၉ ဒသမ ၈ | ၆၆ ဒသမ ၈ |
| ပြင်သစ် | ၁၀၀ | ၁၀၀ ဒသမ ၇ | ၈၉ ဒသမ ၂ | ၆၉ ဒသမ ၁ | ၇၇ ဒသမ ၄ |
| (စီးပွားရေး ကပ်မဆိုက်တဲ့ ဆိုဗီယက်ယူနီယံမှာတော့) | | | | | |
| ဆိုဗီယက်ယူနီယံ | ၁၀၀ | ၁၂၉ ဒသမ ၇ | ၁၆၁ ဒသမ ၉ | ၁၈၄ ဒသမ ၇ | ၂၀၁ ဒသမ ၁ |

ဆိုတာကတော့ ပထမ ကမ္ဘာစစ်ကြီး မဖြစ်ခင် ကမ္ဘာမှာ ဗြိတိန် ဗိုလ်စွဲနေစဉ်ကာလ ဖြစ်ပါတယ်။)

၁၉၁၃ ခုနှစ်မှာ ဗြိတိန်ရဲ့ စက်မှုလုပ်ငန်း ကုန်ထုတ်လုပ်မှု ပမာဏဟာ ၁၀၀ ဖြစ်ခဲ့လို့ရှိရင် ၁၉၃၂ ခုနှစ်မှာ ၈၂ ဒသမ ၅ သာလျှင် ဖြစ်နေတယ်။

ကမ္ဘာ့စီးပွားရေး ကပ်ကြီးအတွင်းမှာ စက်မှုလုပ်ငန်း ကုန် ထုတ်လုပ်မှု ကျဆင်းရုံမက စိုက်ပျိုးရေးလုပ်ငန်း ကုန်ထုတ်လုပ်မှုလဲ ကျဆင်းခဲ့တာဘဲ။

စီးပွားရေး အဆောက်အအုံကြီးရဲ့ အစိတ်အပိုင်းတခု အနေ နှင့် တပိုင်းကကျလျှင် အခြားတပိုင်းက လိုက်ပြီး ရိုးရိုးကျဆင်းရုံ မကဘူးဗျ။အရင်းရှင်စနစ် လက်အောက်မှာ စိုက်ပျိုးရေးလုပ်ငန်း ကုန်ထုတ်လုပ်မှုဟာ စက်မှုလုပ်ငန်းကုန်ထုတ်လုပ်မှုရဲ့ လက်အောက် ခံဖြစ်တယ်။ ဒါကြောင့် စိုက်ပျိုးရေးလုပ်ငန်း ကုန်ထုတ်လုပ်မှု ကျဆင်းရုံမက စိုက်ပျိုးရေး ထွက်ကုန်ပစ္စည်း ဈေးနှုန်းတွေကလဲ ဒလဟော ကျဆင်းသွားတယ်။

အရင်းရှင်လောကမှာ တန်ခိုးအကြီးဆုံးဖြစ်တဲ့ လက်ဝါးကြီး အုပ် အရင်းရှင်ကြီးများနှင့် ဘဏ္ဍာ အရင်းရှင်ကြီးများဟာ စီးပွားရေးကပ်ကြီးနှင့် ရင်ဆိုင်ရတဲ့ အခါမှာ 'ကမ္ဘာမီးလောင် သားကောင် ချနင်း'ဆိုတဲ့ စကားအတိုင်း ကျင့်သုံးကြတယ်။

ကိုယ့်ထက် အားနည်းသူများကို ချနင်းပြီး စီးပွားရေးကပ်ကြီးရဲ့ လောင်မြိုက်မှုမှ ရှောင်ကွင်းရန် ကြိုးစားကြတယ်။

ကိုယ့်ထက် အားနည်းသော စက်မှု ကုန်ထုတ်လုပ်ငန်းများ၊ ကုန်ထုတ်လုပ်မှု အသေးစားများ၊ ငွေရေး ကြေးရေး လုပ်ငန်း အသေးစားများ စသည်တို့ကို ဝါးမျိုကြတယ်။ ကိုယ့်ထက် အားငယ်သော ပြိုင်ဖက်များကို သတ်ကြတယ်။ တွက်ကိန်း မမိသော လုပ်ငန်းများကို ပိတ်ပစ်ကြတယ်။

ဒါ့ကြောင့် အရင်းရှင် အငယ်စားများ၊ ကုန်ထုတ်လုပ်သူ အငယ်စားများ စသည်ဖြင့် အများအပြား ပျက်စီးကြတယ်။ သူတို့ထံမှာ အလုပ် လုပ်သော အလုပ်သမား အများအပြား အလုပ်လက်မဲ့ ဖြစ်ကြတယ်။

လက်ဝါးကြီးအုပ် အရင်းရှင်ကြီးများဟာ စီးပွားရေးကပ်ကြီးရဲ့ ဝန်ထုပ်ဝန်ပိုများကို အလုပ်သမားများ ပခုံးများပေါ်သို့ လွှဲပြောင်း တင်ပို့လိုက်တယ်။

အလုပ်သမားတွေရဲ့အခကြေးငွေကို လျှော့လိုလျှော့၊သတ်မှတ်ထားသော အချိန်တွင်း ပိုခိုင်းလိုခိုင်းနှင့် ခေါင်းပုံဖြတ် သွေးစုတ်မှုကို ပိုပြင်းပြင်းလုပ်လိုက်တယ်။ သည့်မျှနှင့် မလုံလောက်သေးလျှင် အလုပ်သမားတွေကို ထုတ်ပစ်လိုက်တယ်။

လက်ဝါးကြီးအုပ် အရင်းရှင်ကြီးများဟာ စီးပွားရေးကပ်ကြီးရဲ့ ဝန်ထုပ်ဝန်ပိုတွေကို . တောင်သူ လယ်သမားတွေရဲ့ ပခုံးပေါ်သို့လဲ လွှဲပြောင်းပေးလိုက်တယ်။

တောင်သူ လယ်သမားတွေ ထုတ်လုပ်တဲ့ ကုန်ကြမ်းပစ္စည်းတွေကို ဈေးနှိမ်လိုက်တယ်။ သူတို့ဟာ စီးပွားရေးကပ်ကြီးရဲ့ ဝန်ထုပ်ဝန်ပိုးတွေကို ကိုလိုနီနှင့် ကိုလိုနီတပိုင်းနိုင်ငံများမှ ပြည်သူလူထု ပခုံးပေါ် သို့လဲ လွှဲပြောင်း တင်ပို့ လိုက်တယ်ဗျာ။

အထက်မှာ ရှင်းပြခဲ့တဲ့အတိုင်း လက်ဝါးကြီးအုပ် အရင်းရှင်များ (ဝါ) အားအကြီးဆုံးသော ငွေကြေးရှင် ကြီးများက 'ဘယ်သူသေသေ ငတေမာ ပြီးရော'ဆိုတဲ့ သဘောမျိုးနှင့် စီးပွားရေးကပ်ကြီးမှ ဆင်းသက်လာတဲ့ ပြဿနာများကို ဖြေရှင်းဘို့ ကြိုးစားလေတော့ အလုပ်သမား အများအပြားဟာ အလုပ်လက်မဲ့ ဖြစ်ကုန်ကြတယ်။

စီးပွားရေးကပ်ကြီးရဲ့ ပထမဆုံးသော ရလဒ်ဟာ အလုပ်လက်မဲ့ ပြဿနာဖြစ်တယ်။ တဖက်မှာ မရောင်းရတဲ့ ကုန်ပစ္စည်းတွေက ပုံနေတယ်။ စက်ရုံအလုပ်ရုံများစွာ ပိတ်ထားရတယ်။

အခြားတဖက်မှာ စားရမဲ့ သောက်ရမဲ့ အလုပ် လုပ်ချင်လျက် မလုပ်ရသော အလုပ်လက်မဲ့ လူဦးရေက သန်းချီပြီး ရှိနေတယ်။

ဂရိတ် ဗြိတိန်မှာ အလုပ်လက်မဲ့ ဦးရေဟာ ၃ သန်း၊ ဂျာမနီမှာ ၅ သန်းနှင့် အမေရိကန် ပြည်ထောင်စုမှာ ၁၀ သန်း စသည်ဖြင့် ဖြစ်ခဲ့ဘယ်။ သည်မျှမက ရက်ပိုင်းလောက် သို့မဟုတ် နာရီပိုင်းလောက် အလုပ်လုပ်ရပြီး ကျန်အချိန်တွေမှာ အလုပ်မရှိတဲ့ အချိန်ပိုင်း အလုပ်လက်မဲ့တွေက ၁၀ သန်းကျော် ရှိသေးတယ်။

သန်းပေါင်း များစွာသော တောင်သူ လယ်သမားများဟာ လဲ ဆင်းရဲ ကျပ်တည်းကုန်ကြတယ်။ အလုပ်အကိုင် ပျက်ကုန်ကြတယ်။

ကမ္ဘာမြေပြင်ရဲ့ ၆ ပိုင်း ၅ ပိုင်းပေါ်မှာ တည်ရှိတဲ့ အရင်းရှင်နိုင်ငံများ၊ အရင်းရှင် ဩဇာအောက် ကျရောက်နေသော နိုင်ငံများ၊ ကိုလိုနီနှင့် ကိုလိုနီတပိုင်း နိုင်ငံများ၊ ရှိသမျှသော နိုင်ငံများမှာ လုပ်သားပြည်သူတွေရဲ့ ဘဝကံကြမ္မာဟာ ဆိုးရွားလှပါတယ်။

သည်အထဲမှာ အင်ဒိယပြည်၊ မြန်မာပြည်တို့လို နယ်ချဲ့လက်အောက်ခံ ကိုလိုနီနိုင်ငံများမှ လုပ်သားပြည်သူတွေရဲ့ ဘဝကံကြမ္မာက အဆိုးဆုံးဖြစ်တယ်။

လက်ဝါးကြီးအုပ် အရင်းရှင်ကြီးများဟာ စီးပွားရေးကပ်ကြီး ဆိုက်ရောက်လာတော့ ကြီးနိုင် ငယ်ညှဉ်း လုပ်ကြရုံမက အချင်းချင်းလဲ ပြိုင်ကြဆိုင်ကြ၊ တိုက်ခိုက်ကြနှင့် ပဋိပက္ခတွေ ပြင်းထန်လာတယ်။

ကမ္ဘာနှင့်အဝှန်း စီးပွားရေးအခြေအနေကျဆင်းပြီး လုပ်သားပြည်သူတွေရဲ့ ဝယ်အားနည်းပါးလာသည်နှင့်အမျှ လက်ဝါးကြီးအုပ် အရင်းရှင်ကြီးတွေရဲ့ ဈေးကွက်က ကျုံ့လာတယ်။ နိုင်ငံတကာ ကူးသန်းရောင်းဝယ်ရေး များစွာ ကျဆင်းလာတယ်။

ဈေးကွက် ကျုံ့လာလေလေ၊ ပြိုင်ဆိုင်မှုများလေလေ၊ ဈေးကွက်လုကြလေ ဖြစ်တယ်။

အချင်းချင်း ဈေးကွက်လုရင်း ကုန်ဈေးနှုန်းတွေ အဆမတန် ကျဆင်းကုန်ရင် အရင်းရှင်အမြတ်ကြီးစားစနစ် တခုလုံး ယိမ်းယိုင် ထိပါးမှာ စိုးတာကြောင့် ကုန်ပစ္စည်းများစွာကို ဖျက်ဆီး ပစ်ကြတယ်။

ကိုယ့်နိုင်ငံကိုဖြစ်စေ၊ ကိုယ့်ဩဇာ စူးရှရာ နိုင်ငံကိုဖြစ်စေ အခြားနယ်ချဲ့အရင်းရှင်များက ထိုးဖောက်ဝင်ရောက်ကာ ဈေးကွက် မလုနိုင်အောင် အခွန်အကောက်တွေကို မြှင့်တင်ပြီး တန်တိုင်း ကာ ဆီးကြတယ်။ အခွန်အကောက် စစ်ပွဲတွေ၊ ကူးသန်းရောင်းဝယ် ရေး စစ်ပွဲတွေ အကြီးအကျယ် ဖြစ်လာခဲ့တယ်။

ဗြိတိသျှနယ်ချဲ့အရင်းရှင်ကြီးများက ဂျပန်၊ဂျာမန်၊အမေရိကန် စတဲ့ အခြားနယ်ချဲ့အရင်းရှင်ကြီးများနှင့် ယှဉ်ပြိုင်တိုက်ခိုက်သော ကူးသန်းရောင်းဝယ်ရေးစစ်ပွဲ၊ အခွန် အကောက်တော် စစ်ပွဲ စသည်များမှာ လက်အောက်ခံဖြစ်တဲ့ မြန်မာနိုင်ငံက ကန့်ကွက် ပိုင်ခွင့် မရှိဘဲ ပါသွားရပါတယ်။

စီးပွားရေးကပ်ကြီး အတွင်း ကူးသန်းရောင်းဝယ်ရေးစစ်၊ အခွန် အကောက်တော်စစ် ဆင်နွှဲကြရာမှာ လက်အောက်ခံ နယ်ပယ် ဩဇာနယ်ပယ် ကျယ်သူက အခွင့်အရေး သာတယ်။ ဒါကြောင့် လက်အောက်ခံနယ်ပယ် ကျယ်သူတို့က ကမ္ဘာကြီးကို ပြန်လည် ခွဲဝေဘို့ စကားပြောလာကြတယ်။ **လက်ရှိကလဲ လက်လွှတ်မခံနိုင်၊ လက်မဲ့ကလဲ** လုယူချင် ဖြစ်လေတော့ တကယ့် လက်နက်ကိုင် စစ်စကားကို ပြောလာကြတယ်။ စစ်မက်ပြင် ဆင်လာကြတယ်။ လက်စားချေရေး၊ စစ်ပြုရေးနှင့် လူမျိုးရေး

သွေးခွဲရေး အမျိုးသားရေးတို့ကို အားပေးသော နိုင်ငံရေးပါတီများ အားကောင်းလာကြတယ်။

စီးပွားရေးကပ်ကြီးကြောင့် အများဆုံး ဒုက္ခရောက်ရသော သွေးစုတ်ချယ်လှယ်မှုကို ခါတိုင်းထက် တိုးခံကြရသော လုပ်သားပြည်သူတို့က လက်ဝါးကြီးအုပ် အရင်းရှင်ကြီးများကို ပြန်လည်ခုခံတိုက်ခိုက်လာကြတယ်။ လူတန်းစား တိုက်ပွဲတွေ များစွာမြင့်တက်လာတယ်။

လက်ဝါးကြီးအုပ် အရင်းရှင်များဟာ လူတန်းစားတိုက်ပွဲ၊ လူတန်းစား နိုင်ငံရေးနှင့် လူတန်းစား သဘောတရားများကို လူမျိုးရေးသွေးခွဲရေး အမျိုးသားရေးဝါဒနှင့် စစ်ဝါဒတို့ဖြင့် ဖုံးလွှမ်း ချေဖျက်ပစ်ရန် ကြိုးစားကြတယ်။ သည်မျှ မကသေး၊ အကြမ်းဖက်နှိမ်နင်းကြတယ်။ ဒီမိုကရေစီ အခွင့်အရေးများကို ရုပ်သိမ်းကြတယ်။

စီးပွားရေး ကပ်ကြီးနှင့် ရင်ဆိုင်ရတဲ့ လက်ဝါးကြီးအုပ် အရင်းရှင်များဟာ အရင်းရှင် ပါလီမန် ဒီမိုကရေစီကိုပင် စိတ်မချတော့ဘူး။ ဒါ့ကြောင့် ဖက်ဆစ်ဝါဒနှင့် ဖက်ဆစ်ပါတီများ အားကောင်းလာတယ်။ တချို့နိုင်ငံတွေမှာ ဖက်ဆစ်တို့ အာဏာသိမ်းပိုက်ကြတယ်။

၁၉၃၀ပြည့်နှစ် တဝိုက် မတိုင်မီ နှစ်များတုန်းက လက်နက်ဖျက်သိမ်းရေးစကား တော်တော်ပြောခဲ့ကြသော်လဲ ၁၉၃၀ တဝိုက် ရောက်လာတော့ လက်နက် ပြန်လည် တပ်ဆင်ရေးကိုသာ ပြောလာကြတော့တယ်။

တကယ်ကတော့ လက်ဝါးကြီးအုပ် အရင်းရှင်များအဖို့ လက်နက် ခဲယမ်း ထုတ်လုပ်ရေး လုပ်ငန်းဟာ အမြတ်များတဲ့ လုပ်ငန်းဖြစ်တယ်။

စီးပွားရေး ကပ်ကြီးမှ ထွက်ပေါက်တခု အနေနှင့် စစ်မက် လက်နက်ထုတ်လုပ်ရေး လုပ်ငန်းကို အားကိုးကြပါတယ်။ သူတို့ဟာ စောစောက လက်နက် ဖျက်သိမ်းရေးကို ဟန်ဆောင်အော်ခဲ့သော်လဲ လက်နက် ပြန်လည် တပ်ဆင်ရေးသာ သူတို့ရဲ့ သည်းခြေကြိုက် ဖြစ်ပါတယ်။

ကမ္ဘာတခုလုံးမှာ လမ်းနှစ်သွယ် ထင်းကနဲ မြင်သာလာတယ်။ လက်ဝါးကြီးအုပ် အရင်းရှင်များရဲ့ ကမ္ဘာကို ပြန်လည် ခွဲဝေရေး၊ အရင်းရှင်စနစ် သက်ဆိုးရှည်ပြီး ဆက်လက် သွေးစုတ်ချယ်လှယ်ရေး၊ စစ်မက် ပွဲရေးက လမ်းတသွယ် ဖြစ်ပြီး၊လုပ်သားပြည်သူတို့ရဲ့ နယ်ချဲ့ ဆန့်ကျင်ရေး၊ အမျိုးသားရေး လွတ်လပ်ရေးနှင့် လူတန်းစားဘဝ လွတ်မြောက်ရေး တော်လှန်ရေးက လမ်းတသွယ် ဖြစ်ပါတယ်။

၁၉၃၀ တဝိုက် မြန်မာ နိုင်ငံရေးသမိုင်းကို ထိုလမ်းနှစ်သွယ်က အများကြီး ဩဇာပေးခဲ့ပါတယ်။

## ၁၉၃၀ ခုနှစ် မတိုင်မီက နိုင်ငံရေးအဖွဲ့အစည်းများ

၁၉၃၀ ပြည့်နှစ် မတိုင်မီက ဆိုတော့ ၁၉၂၇၊ ၁၉၂၈၊ ၁၉၂၉ စတဲ့ နှစ်များက နိုင်ငံရေး ပါတီ အဖွဲ့အစည်းများ အကြောင်းကိုသာ ပြောပါမယ်။ သို့ကလို ပြောတဲ့ အခါမှာ နယ်ချဲ့ ဗြိတိသျှနှင့် တသံတည်းထွက်ပြီး နယ်ချဲ့အကြိုက် လိုက်လုပ်နေတဲ့ အလိုတော်ရိ ပါတီ အဖွဲ့ အစည်းများ အကြောင်းကိုတော့ အထူး မပြောတော့ပါဘူး။ နယ်ချဲ့ အင်းဂလိပ် အကြောင်း ပြောရင် သူတို့ အကြောင်းဟာ အန္တောဂဓ ဖြစ်သွားပါတယ်။ ကျွန်တော် ပြောမှာကတော့ အမျိုးသား အင်အားစုထဲမှာ စာရင်းဝင်တဲ့ နယ်ချဲ့ ဆန့်ကျင်ရေးမှာ ဒီဂရီ အနည်း အများသာ ကွာတဲ့ နိုင်ငံရေး ပါတီ အဖွဲ့အစည်းများ အကြောင်း ဖြစ်ပါတယ်။

၁၉၂၀ ပြည့်နှစ် တဝိုက်တုန်းက အမျိုးသား အင်အားစုများဟာ ညီညွတ် စည်းလုံး ခဲ့ကြတယ်။ တခေါင်းတစည်းတည်း ရှိခဲ့ကြတယ်။ နိုင်ငံလုံး ဆိုင်ရာ မြန်မာ အသင်းချုပ်ကြီးသို့မဟုတ် ဂျီစီဘီအေလို့ခေါ်တဲ့ ဝံသာနု လှုပ်ရှားမှု အမျိုးသား ညီညွတ်ရေး တပ်ပေါင်းစု အတွင်းမှာ ညီညွတ်ခဲ့ကြတယ်။

ဗြိတိသျှ နယ်ချဲ့သမားဟာ အဲဒီ ဝံသာနု လှုပ်ရှားမှုကြီးကို တဖက်က ဖိနှိပ်ချုပ်ချယ်မှု အဝဝဖြင့် ဖြိုဖျက်တယ်။ အခြားတဖက်က အခြေခံမကျတဲ့ အပေါ်ယံ လိုက်လျောချက်ကလေးများဖြင့် ခေါင်းဆောင်မှု တပိုင်းကို ဖြားယောင်း သွေးဆောင်ကာ ဖြိုခွဲတယ်။ ဒိုင်အာခီ အုပ်ချုပ်ရေး (ဝါ) ပူးတွဲတာဝန်ခံ အုပ်ချုပ်ရေး ဆိုတဲ့ ပြုပြင် ပြောင်းလဲမှုကို လုပ်ပေးလိုက်တဲ့ အခါမှာ ဂျီစီဘီအေမှ ခေါင်းဆောင်တစုက ခွဲထွက်ပြီး ဒိုင်အာခီ အုပ်ချုပ်ရေးကို လက်ခံလိုက်ကြတယ်။ ဒိုင်အာခီ စနစ်အရ တည်ထောင်လိုက်တဲ့ ဥပဒေပြု ကောင်စီကို ဝင်ကြတယ်။ သူတို့ဟာ ပြည်သူ့ပြည်သားပါတီ ဆိုတဲ့ အမည်ဖြင့် နိုင်ငံရေး ပါတီတရပ်ကို တည်ထောင်ကြတယ်။ အများ ပြည်သူတွေကတော့ သူတို့ကို ၂၁ဦး ပါတီလို့သာ ခေါ်ကြတယ်။ ပင်မ ဂျီစီဘီအေကြီးကတော့ ဒိုင်အာခီ အုပ်ချုပ်ရေးကို လက်မခံဘဲ ဥပဒေပြု ကောင်စီကို သပိတ်မှောက်ကြတယ်။ ပြည်သူ လူထု အများစုက သူတို့ဘက်မှာ ရှိတယ်။ သို့သော် ညီညွတ်သော ခေါင်းဆောင်မှု မထူထောင်နိုင်ကြလို့ ဂျီစီဘီအေဟာ ဆက်ပြီး ကွဲပြန်ပါတယ်။

၁၉၃၀ ပြည့်နှစ် တဝိုက် ရောက်လာတော့ အမျိုးသား နိုင်ငံရေး အင်အားစုများကြားမှ နိုင်ငံရေး အဖွဲ့အစည်း မယ်မယ် ရရ လေးဖွဲ့ရှိတယ်။ ပြည်သူ ပြည်သား ပါတီလို့ ခေါ်တဲ့ ၂၁ဦး ပါတီ။ ဦးချစ်လှိုင် ကြီးမှူးတဲ့ ဂျီစီဘီအေ။ သက်ပန်း ဆရာတော် ဩဝါဒခံ ဦးစိုးသိန်း ကြီးမှူးသော ဂျီစီဘီအေနှင့် ရေဦး ဆရာ တော် ဩဝါဒခံ ဦးစု ကြီးမှူးသော ဂျီစီဘီအေတို့ ဖြစ်ကြ ပါတယ်။

ဗြိတိသျှ အလိုတော်ရိ လုံးလုံးဖြစ်သူများရဲ့ အစုများနှင့် အခြားအစုကလေးများ ရှိပါသေးတယ်။ သို့သော် သူတို့က မပြောပလောက်ပါဘူးဗျာ။

အမျိုးသား နိုင်ငံရေး အင်အားစုများကြားမှာ အဖွဲ့ ၄ ဖွဲ့ ကွဲခြင်းဟာ ခေါင်းဆောင်တွေ ကြားမှာ ပုဂ္ဂိုလ်ရေးရာ ကွဲလွဲမှု များကြောင့် ဖြစ်တယ်ဆိုရင် မှားလိမ့်မယ်။ သမိုင်းကို အပေါ်ယံ ရှုပ်ကြည့်ရာ ရောက်လိမ့်မယ်။ ခေါင်းဆောင်တွေရဲ့ ပုဂ္ဂိုလ်ရေး ကွဲလွဲမှုများဟာ အာနိသင် ရှိသလောက် ရှိတယ်။ သို့သော် အဓိက မဟုတ်ဖူး။ ဘယ်သူကဖြင့် ဒိုင်အာခီ အုပ်ချုပ်ရေး လက်အောက်မှာ တလ ငါးထောင်စား ရာထူးလိုချင်လို့ ဂျီစီ ဘီအေက ခွဲထွက်သွားတယ်၊ ဘယ်သူတွေက ဝံသာနု ရန်ပုံ ငွေတွေ သုံးပစ်လို့ ဂျီစီဘီအေ ထပ်ကွဲရတယ်စသည်ဖြင့် ဝေဖန် သုံးသပ်ရင် အကြောင်းရင်းတွေ ပျောက်ကုန်မယ်။

ပြည်သူ့ ပါတီခေါ်တဲ့ ၂၁ဦး ပါတီနှင့် ဂျီစီဘီအေ ကွဲ ခြင်းဟာ အင်းဂလိပ်က ပေးလိုက်တဲ့ ဒိုင်အာခီ အုပ်ချုပ်ရေး

(ပူးတွဲ တာဝန်ခံ ပြုပြင်ပြောင်းလဲရေး)ကို လက်ခံမလား၊ မခံဘူးလားဆိုတာပေါ်မှာ မှီပြီး ကွဲကြတယ်။ ဒိုင်အာခီ အရွေးကောက် ဖွဲ့စည်းမည့် ဥပဒေပြု ကောင်စီကို ဝင်မလား၊ သပိတ်မှောက်မည်လား ဆိုတာပေါ်မှာ တည်ပြီး ကောင်စီဝင်ဂိုဏ်းနှင့် သပိတ်မှောက်ဂိုဏ်း ကွဲတာဘဲ။

ဒိုင်အာခီကို လက်ခံကြမည့် ၂၁ ဦးပါတီနှင့် အသိုင်းအဝိုင်းများကလဲ ဒိုင်အာခီ အုပ်ချုပ်ရေးရဲ့ အပြစ်များကို မြင်တယ်။ ဂျီစီဘီအေကလဲ ထိုအပြစ်များကို မြင်တယ်။

အမှန်က ဒိုင်အာခီ အုပ်ချုပ်ရေးဆိုတာ ဥပဒေပြုကောင်စီ၊ မင်းတိုင်ပင် အမတ်များ၊ ပူးတွဲတာဝန်ယူရသော အစိုးရအဖွဲ့ဝင်ဝန်ကြီးများ စတဲ့ အဆောင်အယောင်တွေ အပြည့်ရှိပေမယ့် ဗြိတိသျှအစိုးရက ခန့်တဲ့ ဘုရင်ခံနှင့် အိုင်စီအက် အရာရှိများလက်ထဲမှာသာ အချုပ်အချာ အာဏာ ရှိတယ်။

ဥပဒေပြု ကောင်စီ ရွေးကောက်ပွဲမှာ ပြည်သူတွေရဲ့ မဲဆန္ဒပေးပိုင်ခွင့်ကိုလဲ များစွာ ကန့်သတ် ချုတ်ချယ်ထားတယ်။ အင်းဂလိပ်နှင့် ကုလား ကုန်သည်ကြီးများကို အထူး အခွင့်အရေးတွေ ပေးထားတယ်။

အင်းဂလိပ် ကုန်သည် ၁၀၀ အတွက် အမတ်တယောက်ရွေးကောက်ခွင့်ရှိရင် မြန်မာ ၃၀,၀၀၀ အတွက် အမတ်တယောက်ရွေးခွင့်ရှိတယ်။

ဒီတော့ ဒိုင်အာခီ ကောင်းတယ်လို့ ဘယ် မြန်မာ အမျိုးသားရေး ဝါဒသမားကမှ မပြောနိုင်ဘူး။

ကောင်စီဝင်လိုသူ၊ ဒိုင်အာခီ သပိတ်မမှောက်သူ ပြည်သူ ပြည်သားပါတီခေါ်တဲ့ ၂၁ ဦး ပါတီက ပြောတယ်။ဒိုင်အာခီ လက်ခံပြီး အလုပ်လုပ်ကြည့်။ အတွေ့အကြုံ ရပြီး တစ တစ တိုးတက်သွားရမယ်။ ဒိုင်အာခီနှင့် ပူးပေါင်းရင်း ဒိုင်အာခီရဲ့ အပြစ်တွေကို ပြုပြင်သွားရမယ်။ ဒါ့ကြောင့် သူတို့ဟာ ပူးသတ် သမားတွေပါလို့ လူထုကို ရှင်းပြကြတယ်။

၂၁ ဦးတွေ အထူး ဝါယမစိုက်ပြီး တိုက်ပွဲဝင်တဲ့ ကိစ္စတခု ရှိသေးတယ်။ ရာထမ်းမှုထမ်းတွေထဲမှာ အင်းဂလိပ်၊ကုလားနှင့် ကုလားကပြားများ လွှမ်းနေတာကို မြန်မာများနှင့် အစားထိုး ရေး ဖြစ်တယ်။

အဲဒီခေတ်တုန်းက လယ်ဝန် ရာထူးတခုကို မြန်မာတယောက် ယောက်က ရတာကိုတောင် ဂုဏ်ထူးဆောင် သတင်းတခု အနေနှင့် ပြောစားနေကြရတယ်။

၂၁ ဦးပါတီက ဥပဒေပြုကောင်စီထဲ ဝင်သွားပြီး အမတ် အများစုဟာ မြန်မာများဖြစ်နေတာတောင်မှ အမတ်များက မဲဖြင့် တင်မြှောက်ရတဲ့ ဥက္ကဋ္ဌဟာ အင်းဂလိပ်တလှည့်၊အင်းဂလိပ် ကပြား တလှည့် ဖြစ်နေသေးတယ်။

၁၉၂၈ ခုနှစ် ဒီဇင်ဘာလ ကျတော့မှ ဝတ်လုံတော်ရ ဦးပုဟာ ပထမဆုံး မြန်မာ ဥက္ကဋ္ဌ ဖြစ်လာရတော့တယ်။

ဒီလို ပထမ မြန်မာ ဥက္ကဋ္ဌ ဖြစ်ရတာကိုဘဲ ၂၁ ဦးပါတီဟာ ဒိုင်အာခီ ကောင်စီထဲ ဝင်ရခြင်းရဲ့ ကြီးမားသော အောင်မြင်မှု တရပ်အနေနှင့် ပြောစားနေကြရတယ်။

ပြည်သူပြည်သားပါတီ ခေါ် ၂၁ ဦးပါတီရဲ့ ဝါဒသဘော ထားများနှင့် လုပ်ရပ်များကို လူတန်းစား နိုင်ငံရေး အနှစ် ချုပ် ကြည့်ရင် သူတို့ဟာ မြန်မာ လူ့ဘောင်မှာ ဖြစ်ပေါ်ခါစ တိုင်းရင်းသား အရင်းရှင် လူတန်းစားနှင့် ခေတ်ပညာတတ် အလွှာများကို ကိုယ်စားပြုကြောင်း တွေ့ရမယ်ဗျာ။

# ဒိုင်အာခီ သပိတ်မှောက်သူတို့ ကွဲပုံ

ဒိုင်အာခီ အုပ်ချုပ်ရေးကို ပင်မ ဂျီစီဘီအေက လက်မခံဘူး။ ဒိုင်အာခီ အုပ်ချုပ်ရေးရဲ့ အပြစ်များဟာ လက်မခံရန် လုံလောက်သော အကြောင်းများ ဖြစ်တယ်။

ပြည်သူလူထု လိုလားတောင့်တနေတဲ့ ဟုမ်းရူးလ် (ကိုယ်ပိုင်အုပ်ချုပ်ခရေး)နှင့် များစွာ ကွာလှမ်းနေတယ်။ သူတို့ဟာ ဒိုင်အာခီနှင့် ပူးပေါင်းဆောင်ရွက်ရေးကို အမျိုးသား သစ္စာဖောက် လုပ်ငန်းအဖြစ်ဖြင့် မြင်ကြတယ်။

ဒိုင်အာခီ ဥပဒေပြု ကောင်စီကို သပိတ်မှောက်ခြင်း၊ ပြည်သူလူထုကို စည်းရုံးလှုံ့ဆော်ကာ ဒိုင်အာခီကို ဆန့်ကျင်ခြင်းဖြင့်သာ ဒိုင်အာခီ ပျက်မယ်လို့ ယုံကြည်ကြတယ်။ ၂၁ ဦးပါတီက ပြောတဲ့ ပူးသတ်နည်းကို ပြက်ရယ်ပြုကြတယ်။

၁၉၃၀ပြည့်နှစ် တဝိုက်ကျတော့ ဂျီစီဘီအေခေါင်းဆောင်များက ၂၁ ဦးပါတီရဲ့ ဥပဒေပြုကောင်စီတွင်း လုပ်ရပ်များကို လက်ညှိုး ထိုးပြပြီး "ဘယ့်နှယ်လဲ၊ ပူးသတ် ဆရာကြီးများ၊ ကောင်စီဝင်ပြီး ဒိုင်အာခီမျိုး ဖြုတ်မယ်ဆိုသော်လဲ မျိုးမပြုတ်တဲ့ ခင်ဗျားတို့သာ ပြုတ်နေပါပကောလား။ ခင်ဗျားတို့က ပူးမသတ်နိုင်တဲ့ ခင်ဗျားတို့သာ အသတ်ခံနေကြရပါပကောလား" စသည်ဖြင့် သရော်ကြတယ်။

သရော်စရာပါတဲ့။ ၂၁ ဦးပါတီဝင်နှင့် အခြား အချို့အမတ်များမှာ ပြည်သူလူထုရဲ့ အခြေခံ အကျိုးစီးပွားကို နယ်ချဲ့ဖိနှိပ်ချုပ်ချယ်မှုမှ လုံးဝ အကာအကွယ် မပေးနိုင်ကြဘူး။

ဗုဒ္ဓဘာသာ ဘုန်းတော်ကြီးများကို ထောင်ချပြီး သက်န်းဆွဲချွတ်တာကိုတောင် ကြည့်နေကြရတယ်။

ဒါ့ကြောင့် ပြည်သူလူထု အများစုဟာ ဂျီစီဘီအေကိုဘဲ ဆက်လက် ထောက်ခံကြတယ်။ ၂၁ ဦးဘက်ကို ပါမသွားကြဘူး။

သို့ပေမယ့် ဂျီစီဘီအေ မှာ ကျန်ရစ်တဲ့ ခေါင်းဆောင်များဟာ ညီညွတ်စုစည်းသော နိုင်ငံရေး ခေါင်းဆောင်မှုကို မပေးနိုင်ကြဘူး။

လူလတ်တန်းစား အနှစ် ချုပ်ကြည့်ရင် ဂျီစီဘီအေဟာ တောင်သူလယ်သမားများ၊မြို့နေ ဆင်းရဲသားများနှင့် အရင်းရှင်ပေါက်စများ စုဝေးရာ အဖွဲ့အစည်း ဖြစ်တယ်။

ခေါင်းဆောင်မှုဟာ ထိုလူတန်းစားကို ကိုယ်စားပြုတဲ့ ခေတ်ပညာတတ် အလွှာများ ဖြစ်တယ်။ ခေါင်းဆောင်မှုအပေါ်မှာ ရှေးဟောင်း ပညာတတ် အလွှာများ (ဘုန်းကြီးများ)ရဲ့ ဩဇာကလဲ သက်ရောက်နေသေးတယ်။

ဦးချစ်လှိုင် ကြီးမှူးသော ဂျီစီဘီအေနှင့် ဦးစိုးသိန်း ကြီးမှူးသော ဂျီစီဘီအေ ရယ်လို့ နှစ်ပိုင်း ကွဲသွားတယ်။

ဦးချစ်လှိုင်နှင့် ဦးစိုးသိန်း ကြားမှာ ပုဂ္ဂိုလ်ရေး ကွဲလွဲမှု မရှိဘူးလို့ ကျွန်တော် ထင်ပါတယ်။ တယောက်နှင့် တယောက် တိုက်ခတ်တာလဲ မတွေ့ဘူးဘူး။ တဖက်နှင့် တဖက် ငွေရေးကြေးရေး စွပ်စွဲမှုများတော့ ရှိပါတယ်။ ဒါကတော့ ဗမာတွေရဲ့ ငွေစာရင်းအင်း မနိုင်နင်းမှု၊ စည်းကမ်းမရှိမှု စသည်တို့ကြောင့် ဖြစ်ပေါ်လာတဲ့ စွပ်စွဲချက်များသာ ဖြစ်ဟန်တူပါတယ်။

ပုဂ္ဂိုလ်အနေနှင့်ပြောရရင် နှစ်ဦးစလုံးဟာ သန့်ရှင်းရိုးသားသူတွေ ဖြစ်တယ်။ ဆင်းသက်မှုအရ ပြောရရင် သဌေးသားခေတ်ပညာတတ်များသာ ဖြစ်ကြတယ်။

ဦးချစ်လှိုင်က ဝတ်လုံတော်ရ၊ ဗိလပ်ပြန်။ ဦးစိုးသိန်းက အမေရိကန်ပြန်၊ ဂျာမနီပြန်၊ ဂျပန်ပြန်။ ကိုယ်ကျိုး ကိုယ့်စီးပွားစွန့်လွှတ်သူများဟု လူအများ ယုံကြည် ပြောဆိုကြပါတယ်။

ဒါဖြင့် ဘာ့ကြောင့် ဦးချစ်လှိုင် ကြီးမှူးတဲ့ ဂျီစီဘီအေနှင့် ဦးစိုးသိန်း ကြီးမှူးသော ဂျီစီဘီအေ ရယ်လို့ ကွဲသွားပါသလဲ။

ကျွန်တော် လေ့လာရရှိတဲ့ ပထမဆုံး အကြောင်းကတော့ နိုင်ငံရေးမှာ ဘုန်းကြီးများရဲ့ ဩဇာနှင့် ပတ်သက်လို့ သဘောထား ကွဲလွဲမှု ဖြစ်ပါတယ်။

## ဘုန်းတော်ကြီးများနှင့် မြန်မာနိုင်ငံရေး

အဲဒီ ပထမဆုံးအကြောင်းကို မဆွေးနွေးမီ ဘုန်းတော်ကြီးများနှင့် မြန်မာနိုင်ငံရေးအကြောင်းကို ဆွေးနွေးဘို့လိုပါတယ်။

၁၉၂၀ပြည့်နှစ် တဝိုက်က နိုင်ငံရေးဟာ ဝိုင်အမ်ဘီအေ နိုင်ငံရေးရဲ့ အဆက်ဖြစ်တယ်။ဝိုင်အမ်ဘီအေဟာ ဘာသာရေး၊ ပညာရေး၊ လူမှုရေး စသည်တို့ဖြင့် လှုပ်ရှားစည်းရုံးမှုများ စခဲ့တယ်။

၁၉၂၀ ပြည့်နှစ် တဝိုက်မှာ ဝိုင်အမ်ဘီအေ က ဂျီစီဘီအေအဖြစ်သို့(ဝံသာနုလှုပ်ရှားစည်းရုံးမှုအဖြစ်သို့) ဖွံ့ဖြိုးတိုးတက်သွားပြီး နောက်မှာလဲ မြန်မာနိုင်ငံရေးမှာ အမျိုးဘာသာ၊သာသနာ ဆိုတဲ့ ကြွေးကြော်သံများ လွှမ်းနေခဲ့ပါတယ်။

ဗုဒ္ဓဘာသာ မြန်မာများဟာ ဘာသာရေး ဖိနှိပ်မှုကို များစွာခံပျင်းကြတယ်။ နိုင်ငံခြားသား လူမျိုးခြား ဖြစ်ရုံမက ဘာသာ

ခြား ဖြစ်သူတွေက ကိုယ့်နိုင်ငံ လာရောက် ကြီးစိုးနေကြတဲ့ အခါမှာ ဘယ်လောက်ပင် မတော်တဆနိုင်ပြီး သေးငယ်သော ဘာသာရေး ဖိနှိပ်မှုပင် ဖြစ်စေကာမူ အသဲနှလုံးကို အပ်နှင့်ဆွ သလို ခံစားကြရတယ်။

ဘာသာခြားတွေက ကိုယ် အလေးအမြတ်ထားတဲ့ ဘုရား ပေါ်မှာ ဖနပ်စီးကြတဲ့အခါ ဗုဒ္ဓဘာသာ မြန်မာတွေဟာ နာကျည်းစွာနှင့် ကန့်ကွက်ကြတယ်။

'ရွှေတိဂုံဘုရားပေါ်မှာ ဖနပ်မစီးရ'ဆိုတဲ့ ကြွေးကြော်သံ အတွက် ဝိုင်အမ်ဘီအေ၊ ဂျီစီဘီအေတို့က တိုက်ပွဲဝင်တဲ့အခါမှာ လူထု တရပ်လုံးက ထောက်ခံလာကြတယ်။

၁၉၂၀ ခုနှစ်က ထင်ပါတယ်။ ဦးဥတ္တမ ထောင်ကလွတ် လာတော့ လူထုတရားပွဲကြီးတခု ကျင်းပတယ်။ ထိုစဉ်တုန်းက အစည်ကားဆုံးသော လူထုအစည်းအဝေးကြီးတခု ဖြစ်ပါတယ်။

တရားမဟောခင် ဆရာတော်ဟာ သက်န်းရုံထားပြီး လူထုပရိ သတ်ရှေ့မှာ ငါးမိနစ်ခန့် မတ်တတ်ရပ်နေတယ်။

လူထုပရိသတ်က ငြိမ်ပြီး ဆရာတော်ကို ငေးစိုက်ကြည့်နေကြ တယ်။ နောက်တော့ ဆရာတော်က ရုံထားတဲ့ သင်္ကန်းကို ချွတ် ပစ်လိုက်တယ်။ ထောင်ဝတ် ထောင်စားနှင့် ဆရာတော် ဦးဥတ္တမ ဖြစ်သွားတယ်။

လူထုပရိသတ်ဟာ လှုပ်လှုပ်ရှားရှား ဖြစ်သွားတယ်။ ငြိုတိသျှ နယ်ချဲ့သမားကို ဒေါသအမျက် ချောင်းချောင်း ထွက်ကြတယ်။

ဆရာတော်က ထောင်ထဲမှာ သင်္ကန်းဝတ်ခွင့် မပေးသဖြင့် ထောင်အဝတ်နှင့် နေခဲ့ရကြောင်း၊ ဥပုသ်လဲ ပြုခွင့်မပေးကြောင်း၊ ထောင်သွင်းအကျဉ်းချသော ဘုန်းကြီးတိုင်းကို ဒီလိုဘဲ ဖိနှိပ်ချုပ်ချယ်နေကြောင်း ရှင်းပြလိုက်တယ်။

ဒီအခါမှာ ပရိသတ်ထဲက လူပေါင်းများစွာဟာ ငိုယိုကြတယ်။ တချို့က အင်းဂလိပ်အစိုးရကို တိုက်ဖျက်ရမယ်၊ ချက်ချင်း ထချရမယ် စသည်ဖြင့် ထအော်ကြတယ်။

ဥပဒေပြု ကောင်စီမှာ အင်းဂလိပ်ဘက်မှ လိုက်ပါသူ ဗုဒ္ဓဘာသာ မြန်မာအချို့က(မင်းတိုင်ပင် အမတ်အချို့နှင့် ဝန်ကြီးအချို့က) နိုင်ငံရေးလိုက်စားသော ဘုန်းကြီးသည် ဘုန်းကြီးမဟုတ်။ လူသာဖြစ်တယ်။

နိုင်ငံရေးဖြစ်မှု ကျူးလွန်သူ ဘုန်းကြီးဟာ သာမန် ရာဇဝတ်ကောင်သာ ဖြစ်တယ် စသည်ဖြင့် ဝိနည်းတော်တွေကို ကိုးကားပြီး ဘယ်လိုပင် ရှေ့နေလိုက်စေကာမူ ပြည်သူတွေက လက်မခံဘူး။ နိုင်ငံ ရေမြေ့ရှင် မိစ္ဆာဒိဋ္ဌိများရဲ့ ဘာသာရေး ဖိနှိပ်မှုလို့ဘဲ မြင်ကြတယ်။

ဘာသာရေး ဖိနှိပ်မှုကို ဆန့်ကျင်ခြင်းဟာ သဘာဝကျစွာဘဲ နယ်ချဲ့ဆန့်ကျင်ရေး၊ နိုင်ငံရေးတိုက်ပွဲရဲ့ အစိတ်အပိုင်း ဖြစ်လာတယ်။

ဂျီစီဘီအေရဲ့ အမျိုး၊ ဘာသာ၊ သာသနာဆိုတဲ့ ကြွေးကြော်သံများ (ဆောင်ပုဒ်များ)ဟာ တော်လှန်သော သဘောကို ဆောင်ခဲ့တယ်။

သို့ကလို မြန်မာနိုင်ငံရေး သမိုင်းရဲ့ တပိုင်းတကာလမှာ ဘာသာရေး၊ သာသနာရေး ကြွေးကြော်သံများ၊ဘာသာရေးဖိနှိပ်မှု ဆန့်ကျင်ရေးတိုက်ပွဲများ အားကောင်းနေသည်နှင့်အမျှ သံဃာတော်များ၊ ဘုန်းတော်ကြီးများရဲ့ ဩဇာအရှိန်အဝါ ကောင်းနေခြင်းကလဲ သဘာဝတဲ့ဖြစ်တယ်။

သို့သော် ၁၉၃၀ ပြည့်နှစ်တဝိုက်ကျတော့ နိုင်ငံရေးပြဿနာတွေက ပိုပြတ်သားလာတယ်။ ခေါင်းဆောင်တွေရဲ့ နိုင်ငံရေး နိုးကြားမှုနှင့် နိုင်ငံရေး အသိပညာကလဲ မြင့်မားလာတယ်။

နယ်ချဲ့သမားကလဲ ပိုကျွမ်းကျင်လာပြီး ဘာသာရေး ဖိနှိပ်ချုတ်ချယ်မှုကို တတ်နိုင်သလောက် ရှောင်လာတယ်။ (ဘုရားပေါ် ဖနပ်စီးတဲ့ ကိစ္စမျိုးမှာ) ဘာသာရေးနှင့် နိုင်ငံရေး ပြဿနာများ ကွဲပြားစ ပြုလာတယ်။

ခေါင်းဆောင်မှုမှာလဲ လူခေါင်းဆောင်မှုနှင့် ဘုန်းကြီးခေါင်းဆောင်မှု ကွဲစပြုလာတယ်။အစကတော့ လူခေါင်းဆောင်တွေက ဆရာတော်ကြီးများရဲ့ ဩဝါဒကို တသွေမတိမ်း ခံယူခဲ့တယ်။

ဂျီစီဘီအေ အစည်းအဝေးများ မစမီမှာ မဟာသံဃာသာမဂ္ဂီအဖွဲ့ အစည်းအဝေးကစတယ်။ဂျီစီဘီအေ အစည်းအဝေးစတော့ ငါးပါးသီလ ခံယူတယ်။ ဆရာတော်ကြီးများရဲ့ ဩဝါဒစကားကို နာယူကြတယ်။

ခုတော့ ဂျီစီဘီအေရဲ့ လူခေါင်းဆောင်များဟာ ဆရာတော်ကြီးတွေရဲ့ ဩဝါဒကို တသွေမတိမ်း မလိုက်နာနိုင်တော့တာကို တွေ့ကြရတယ်။

များသောအားဖြင့် ဘြဲ၀ါဒ ါစရိယ ဆရာတော်ကြီးများဟာ နိုင်ငံရေး အယူအဆ၊နိုင်ငံရေး၀ါဒများမှာ မနိုင်နင်း မကျွမ်းကျင်ကြဘူး။ ဆရာတော် ဦးဥတ္တမလို ပုဂ္ဂိုလ်က အနည်းသား ဖြစ်တယ်။

နောက်ပြီးတော့ ဆရာတော်ကြီးတွေဟာ လူခေါင်းဆောင်တွေကို တန်ဖိုးဖြတ်ရာမှာ ဓမ္မဓိဋ္ဌာန်မကျဘူး။ ပုဂ္ဂလဓိဋ္ဌာန် လွှမ်းနေတယ်။

ဆိုလိုတာက ဘုန်းကြီးဟာ ဘုန်းကြီးရှုဒေါင့်က ကြည့်တယ်။ ဘုန်းတော်ကြီးရဲ့ ကျင့်၀တ်သိက္ခာနှင့် နီးစပ်သူ၊ ဆရာတော်ကြီး အမိန့်ရှိလျှင် ဘာမဆို ခေါင်းညိတ်သူ လူ့ဘုန်းကြီးမျိုးကို ပိုအထင်ကြီးတယ်။

ဆရာတော်ကြီးတွေဟာ ဆရာကြီး သမားကြီး အလေ့အထတွေက စွဲနေလို့မို့ လူတွေ စတင်တောင်းဆိုနေကြတဲ့ ဒီမိုကရေစီ အလေ့အထကို လက်မခံနိုင်ဘဲ ရှိနေကြတယ်။

ဆရာတော်ကြီးများနှင့် လူခေါင်းဆောင်များ ဆက်ဆံရေးမှာ ဒီမိုကရေစီ မရှိဘူး။ ဒါ့ကြောင့် ဘြဲ၀ါဒါ စရိယ ဆရာတော်ကြီးများကို ပယ်လှန်ချင်သော လူခေါင်းဆောင်များ ပေါ်လာခဲ့တယ်။

ဂျီစီဘီအေမှာ စတင် ပယ်လှန်သူကတော့ ဦးချစ်လှိုင် ဖြစ်ပါတယ်။ သို့ကလို ဦးချစ်လှိုင် ပယ်လှန်ရဲတဲ့ အကြောင်းတရပ်ကတော့ ဦးချစ်လှိုင်ဟာ လူထု နောက်လိုက်များစွာရှိလို့ ဖြစ်ပါတယ်။

ဦးချစ်လှိုင်ရဲ့ ပြောဆိုသော စကားများနှင့် ပြုမူဆောင်ရွက်ပုံများကို လေ့လာကြည့်ရတာ နိုင်ငံရေး လှုပ်ရှားမှုများမှ သံဃာတော်များကို လုံးဝ ဖယ်ရှားလိုတဲ့ သဘော မရှိဘူး။

လွတ်လပ်ရေးတိုက်ပွဲမှာ သံဃာတော်များ ပါရမယ်။သို့သော် လူခေါင်းဆောင်နှင့် ဆရာတော်ကြီးများ ဆက်ဆံရေးမှာ ဒီမိုကရေစီ ရှိရမယ်။ ဆရာတော်ကြီးများက လူခေါင်းဆောင်များကို စေသည့်ကျွန်၊ ထွန်သည့်နွားသဖွယ် သဘောမထားရဘူးလို့ ယူဆတာ တွေ့ရတယ်။

ဒီအချက်မှာ ဆရာတော် ဦးဥတ္တမနှင့် ဦးချစ်လှိုင်တို့ ပဋိပက္ခဖြစ်တတ်ကြတယ်။ဒီအချက်ကြောင့် အချို့ ဩဝါဒါစရိယ ဆရာတော်တို့နှင့် ဦးချစ်လှိုင် ကွဲသွားပြီး မည်သည့် ဆရာတော်ရဲ့ ဩဝါဒကိုမှ ခံသည်ဟု မကျေညာသော ဦးချစ်လှိုင် ကြီးမှူးသော ဂျီစီဘီအေနှင့် သက်ပန်း ဆရာတော် ဩဝါဒခံ ဦးစိုးသိန်း ကြီးမှူးသော ဂျီစီဘီအေတို့ ကွဲသွားခဲ့ကြောင်း တွေ့ရတယ်။

ဆရာတော်ကြီးတွေဟာ မိမိတို့ရဲ့ သီလသမာဓိကိုသာ ယုံတယ်။ လူခေါင်းဆောင်အချို့ရဲ့ သီလသမာဓိကို မယုံကြဘူး။

လူခေါင်းဆောင်အချို့ဟာ ဝံသာနု ရန်ပုံငွေတွေကို အလွဲသုံးစားပြုတယ်လို့ ထင်ကြတယ်။ ဒါ့ကြောင့် ဆရာတော်ကြီးများထဲမှ ဆရာတော်အချို့ကို ဘဏ္ဍာထိန်း ကော်မီတီခန့်ပြီး ရန်ပုံငွေတွေကို ထိန်းသိမ်းကြတယ်။ သုံးစွဲမှုကို သူတို့ကသာ ချုပ်ကိုင် ထားလိုကြတယ်။

ဒါမှသာလျှင် ရန်ပုံငွေနှင့် ပတ်သက်ပြီး စွပ်စွဲချက်များ ကင်းရှင်းမယ်လို့ ယူဆတော်မူကြဟန် ရှိတယ်။

ဆရာတော် ဩဝါဒခံရေးနှင့် ပတ်သက်ပြီး ဦးချစ်လှိုင်က ပယ်လှန်ကာ ဦးစိုးသိန်းက မပယ်လှန်ခဲ့သော်လည်း နောက်ပိုင်း ကျတော့ ဦးစိုးသိန်း ခံရပုံကလည်း မသက်သာလှဘူး။ ဂျီစီဘီအေ နောက်ထပ် ကွဲရပြန်ပါတယ်။

ဒါကိုတော့ နောက်တနေရာမှ အသေးစိတ် ဖော်ပြပါမယ်။

မြန်မာ နိုင်ငံရေးသမိုင်းမှာ ဘာသာရေး၊ သာသနာရေး ကြွေးကြော်သံများနှင့် ဘာသာရေးဖိနှိပ်မှု ဆန့်ကျင်ရေးတိုက်ပွဲ များက တိုးတက်သော အပိုင်းကဏ္ဍတရပ်ကို ယူခဲ့တယ်။

၁၉၃၀ တဝိုက်ကျတော့ အဲဒီအပိုင်းကဏ္ဍဟာ မှေးမှိန်သွား ပြီ။ သံဃာတော် ဆရာတော်ကြီးများဟာ နိုင်ငံရေးစင်မြင့်မှ တဖြည်းဖြည်း ကင်းဝေးသွားပြီး လူခေါင်းဆောင်များသာ ရှေ့တန်းရောက်လာတယ်။

ဘုန်းတော်ကြီးများ၊ ဆရာတော်များက လူခေါင်းဆောင် သို့မဟုတ် အဖွဲ့အစည်းတခုခုရဲ့နောက်မှ အားပေးကူညီမှုတော့ ဆက်လက် ရှိနေပါသေးတယ်။

သို့သော် အချို့ကျေးရွာများမှာတော့ ဘုန်းတော်ကြီးများက ဒေသအလိုက် သြဇာအပြည့် ရှိနေကြခြင်းဟာ ပါလီမန် ဒိမို ကရေစီ နောက်ဆုံးနေ့အထိပါဘဲ။

## စီးပွားရေး သွေးစုတ် ချယ်လှယ်မှုကို ဆန့်ကျင်ကြပုံ

မြန်မာပြည်မှာ ဗြိတိသျှနယ်ချဲ့ အရင်းရှင်များရဲ့ စီးပွားရေး သွေးစုတ် ချယ်လှယ်မှုဟာ တနေ့တခြား ပိုမိုပြင်းထန်လာတယ်။ အမျိုးသား အင်အားစုများဖြစ်ကြတဲ့ ပြည်သူပြည်သား ပါတီ၊ ဦးချစ်လှိုင် ကြီးမှူးသော ဂျီစီဘီအေ၊ ဦးစိုးသိန်း ကြီးမှူးသော ဂျီစီဘီအေနှင့် ဦးစု ကြီးမှူးသော ဂျီစီဘီအေတို့ဟာ ကိုယ့်နည်းနှင့်ကိုယ် အသီးသီး ဆန့်ကျင်ကြတယ်။

ဗြိတိသျှ အရင်းရှင်တို့က သူတို့ကြိုက်ဈေးဖြင့် စက်မှု ကုန်ကြမ်း ပစ္စည်းတွေကို မြန်မာပြည်ထဲသို့ သွင်းနေတယ်။ မြန်မာပြည်မှာ အရင်းအနှီးတွေမြှုပ်ပြီး မီးရထားလမ်းတွေဖောက်၊ မီးသင်းဘောတွေထောင်၊ သတ္တုတွင်းတွေတူး၊ စိုက်ပျိုးရေး

လုပ်ငန်းတွေ တိုးခဲ့တယ်။ ပြီးတော့ သူတို့ကြိုက်စျေးနှင့် ကုန်ကြမ်းတွေအဖြစ်ဖြင့် ထုတ်ယူသွားကြတယ်။ သို့ကလို အမြတ်အမျိုးမျိုး ထုတ်ယူခြင်းကို တားဆီးပိတ်ပင်ရန် အမျိုးသားအင်အားစုတို့က နည်းအမျိုးမျိုး ကြံကြတယ်။

ပြည်သူပြည်သား ပါတီခေါ် ၂၁ ဦး ပါတီတို့အပါအဝင် နိုင်ငံရေးအဖွဲ့ အသီးသီးဟာ ကိုယ့်ပြည်တွင်းထွက် ကုန်ကြမ်းပစ္စည်းကိုသုံးပြီး ကိုယ့်ပြည်တွင်း ကုန်ချောများ ထုတ်လုပ်နိုင်ရန် အမျိုးသားစက်မှုလုပ်ငန်းများ ထူထောင်လိုတဲ့ဆန္ဒ ရှိကြတယ်။ ထိုဆန္ဒကို ထုတ်ဖော်ပြောဆိုကြတယ်။

ထိုဆန္ဒအတိုင်း သတင်းစာ၊ ဂျာနယ်၊ မဂ္ဂဇင်းများမှာ ရေးသားကြတယ်။ လက်တွေ့ ကုမ္ပဏီထောင်ပြီး အလုပ် လုပ်ရန်ပင် ကြိုးစားကြတယ်။ အောင်မြင်မှုတော့ မရှိဘူး။ တဦးချင်း မြန်မာပုဂ္ဂလိက အရင်းရှင်များ ပေါ်လာတယ်။ စက်မှု လုပ်ငန်းထူထောင်ကြည့်တယ်။ မအောင်မြင်ဘူး။ မြန်မာတစု အစုရှယ်ယာများ ထည့်ကြပြီး ကုမ္ပဏီထောင်အလုပ် လုပ်ကြည့်ကြတယ်။ မအောင်မြင်ဘူး။

ဂျီစီဘီအေ အဖွဲ့အစည်းတွေကတော့ ဗြိတိသျှနယ်ချဲ့ အရင်းရှင်တို့ရဲ့ အမြတ်ထုတ်မှုကို ဆန့်ကျင်သောအားဖြင့် နိုင်ငံခြားကုန်ပစ္စည်းများကိုမသုံးဘဲ သပိတ်မှောက်ရန် ဆုံးဖြတ်ကြတယ်။

အချို့ကလဲ အင်္ဂလိပ်ကုန်ပစ္စည်းများကို ရွေးပြီး သပိတ်မှောက်ကြတယ်။ အခြား နိုင်ငံ ကုန်ပစ္စည်းက စျေးပိုသက်သာတယ်လို့ ဆိုကြတယ်။ အချို့ကတော့ စက်ရုံဖြစ် အထည်အလိပ်

မှန်သမျှကို သပိတ်မှောက်ပြီး ဖျင်ပင်နီ၊ ယောထမီ၊ ယောပုဆိုး များကို ဝတ်ဆင်ကြတယ်။

အစိပ္ပာယ်မှာတော့ စက်မှုလုပ်ငန်းကို လက်မှုလုပ်ငန်းနှင့် ခုခံ တိုက်ခိုက်ရသလိုပါဘဲ။ အင်းဂလိပ်တွေ ဝင်လာတော့ သုံးစွဲ ကြတဲ့ သေနတ်တွေ၊အမြောက်တွေကို ဗမာဓားနှင့် ခုခံတိုက်ခိုက် ရသလိုပါဘဲ။ သိပ်မထိရောက်ပါဘူး။ သို့ပေမယ့် အမျိုးသား စိတ်ဓာတ်ကိုတော့ မြှင့်တင်ပေးခဲ့ပါတယ်။

ဦးချစ်လှိုင်ကြီးမှူးတဲ့ ဂျီစီဘီအေဟာ ဂျီစီဘီအေအဖွဲ့ဝင်တွေရဲ့ အစုငွေနှင့် အချို့သော စက်မှုလုပ်ငန်းများထူထောင်ရန် ကြိုးပမ်း ခဲ့တယ်။ အထင်ရှားဆုံးကတော့ သီလဝါရေနံစက် ဖြစ်တယ်။

ဂျီစီဘီအေ အဖွဲ့ဝင်တွေက အစုရှယ်ယာ ဝိုင်းထည့်ကြလို့ ငွေ ဆယ်သိန်းရတယ်။ ဦးချစ်လှိုင် ဂျီစီဘီအေရဲ့ သရက်ချောင်း အစည်းအဝေးမှာ ပြောကြ ဆိုကြတာနှင့် သတင်းစာအချို့မှာ ရေးကြတာတွေကို ထောက်တော့ ဒီငွေ ဆယ်သိန်းနှင့် စ အလုပ် လုပ်လိုက်ကြတာ ဘာမှ မယ်မယ်ရရ ဖြစ်မလာဘူး။ ဂျပန်ခေတ် က ရေနံချောင်းမှာ မြန်မာတွေ စလုပ်ကြတဲ့ ရေနံချက်စက်တွေ အဆင့်လောက်ဘဲ လုပ်နိုင်ဟန် တူတယ်။ ရေနံတူးဖော်ရေး လုပ်ငန်းကို လုံးဝ စနိုင်ဟန် မတူဘူး။

ဦးချစ်လှိုင် ဂျီစီဘီအေရဲ့ သရက်ချောင်း အစည်းအဝေးမှာ ရာဂူနတ် ပရာဆတ်ဆိုသူက သီလဝါရေနံကုမ္ပဏီနှင့်ပတ်သက်ပြီး ထရှင်းတယ်။ သီလဝါကုမ္ပဏီအနေနှင့် ရေနံစိမ်း(Crude Gil) မထုတ်နိုင်သေးခင် သူတို့ရေနံချက်စက်က ရေနံချက်ဖို့ ဂျပန်က

ရေနံစိမ်း တင်သွင်းရမယ်တဲ့။ ဒါကြောင့် ငွေဆယ်သိန်းထဲက စပေါ်ငွေ တင်ထားရမယ်တဲ့။

ရေနံထုတ်လုပ်ရေးလုပ်ငန်းဟာ ငွေကုန်ငွေပေါင်း များစွာ ကုန်ကျမယ့် လုပ်ငန်းဖြစ်လို့ ဝိသာနုများက အစုရှယ်ယာ များများ ထပ်ဝင်ကြဘို့ လိုတယ်တဲ့။

ဦးချစ်လှိုင်ဂိုဏ်းသားများက ဂျပန်မှ တင်သွင်းမယ့် ရေနံစိမ်း ရောက်လို့ ရေနံချက်ပြီးရင် ပုံးထဲထည့်ပြီး ဂျီစီဘီအေအဖွဲ့ဝင်များ ကို တပုံးစီ ရောင်းမယ်လို့ ပြောကြသေးတယ်။

ပထမတုန်းကတော့ ရေနံစိမ်းကို အမေရိကန်ပြည်ထောင်စုမှ တင်သွင်းမယ်လို့ ပြောခဲ့ကြတယ်။ တကယ် ဆက်ကြည့်လိုက် တော့ အမေရိကန်က နောက်ဆုတ်သွားဟန်တူတယ်။ သို့မဟုတ် အမေရိကန်နှင့် လုံးဝ အဆက်အသွယ် ရဟန်မတူဘူး။

တကယ်ကတော့ အဲဒီအချိန်မှာ အမေရိကန် ရေနံကုမ္ပဏီ များနှင့် ဗြိတိသျှ ရေနံကုမ္ပဏီများ ကိုယ့်နယ်နှင့်ကိုယ် ခွဲပြီး လက်ဝါးကြီးအုပ်ဖို့ သဘောတူညီကြပြီးသားဖြစ်တယ်။

ဂျပန်ကတော၊ ဘယ်က ရေနံစိမ်းရလို့ ဘယ်လိုလုပ်ပြီး သီလဝါကို တဆင့်ရောင်းမလဲ။ ကျွန်တော်စဉ်းစားလို့မရဘူး။

ဂျပန်က ဗမာဈေးကွက်ထဲ ဝင်ချင်အုံးတော့၊ အဲဒီအချိန်မှာ အခွန် အကောက်တော်စစ်ပွဲတွေ ဖြစ်နေပြီ။ အင်းဂလိပ်က သူတို့ ပိုင် မြန်မာနိုင်ငံမှာ အခွန် အကောက် တန်တိုင်းကြီးတွေ တည် ဆောက်လိုက်မှာဘဲ။

သီလဝါ ရေနံကုမ္ပဏီအကြောင်း ပြောရင်း ပြည်သူ့အရင်းရှင်စနစ် (People's Capitalism) ဆိုတဲ့ ကိစ္စကို သွားသတိရတယ်။ ဦးချစ်လှိုင် ကြီးမှူးတဲ့ ဂျီစီဘီအေ ဟာ ယခုခေတ် လူပြောများနေတဲ့ ပြည်သူ့အရင်းရှင်စနစ်ကို တည်ထောင်ဘို့ စတင်ကြိုးပမ်းသူများ ဖြစ်တယ်လို့ ဆိုနိုင်တယ်။ သို့သော် ခြားနားချက်ရှိတယ်။

ယခုခေတ်မှာ ပေါ်နေတဲ့ ပြည်သူ့အရင်းရှင်စနစ်ကတော့ လုပ်သားပြည်သူတွေကို ချွေးသိပ်ပြီး လက်ဝါးကြီးအုပ် အရင်းရှင် စနစ်အောက်ကို သွတ်သွင်းတဲ့စနစ် ဖြစ်တယ်။ဦးချစ်လှိုင်တို့ရဲ့ ပြည်သူ့အရင်းရှင်စနစ်ကတော့ နယ်ချဲ့လက်ဝါးကြီးအုပ် အရင်းရှင်စနစ်ကို ဆန့်ကျင်တဲ့ အနှစ်သာရ ရှိတယ်။

သီလဝါ ရေနံကုမ္ပဏီဟာ ငွေ ဆယ်သိန်းတန် အိပ်မက်တခုသာ ဖြစ်ပြီး ပျက်ပြားသွားတယ်။

လက်ဝါးကြီးအုပ် အရင်းရှင်စနစ်ကို ဆန့်ကျင်တဲ့ ပြည်သူ့အရင်းရှင်စနစ်သည်ပင် မအောင်မြင်ရင် လက်ဝါးကြီးအုပ် အရင်းရှင်လက်အောက်သို့ သွတ်သွင်းမည့် ပြည်သူ့အရင်းရှင်စနစ်ဆိုတာက အောင်စရာအကြောင်း ပိုမရှိအုံးမယ်ဗျာ။

သီလဝါ ရေနံကုမ္ပဏီ ပျက်ပြားသွားသလို ဦးချစ်လှိုင် ဂျီစီဘီအေက ကြီးမှူးပြီး ဦးထွန်းအောင်ကျော် စီမံအုပ်ချုပ်တဲ့ ဘဏ်တိုက်ကြီးတခုလဲ ပျက်သွားပါတယ်။

## ဘူးတလုံးဆောင်သော ဦးစိုးသိန်း ဂျီစီဘီအေ

ဒီကိစ္စတွေနှင့် ပတ်သက်ပြီး ဦးစိုးသိန်း ကြီးမှူးတဲ့ ဂျီစီဘီအေ ဏ ပြတ်သွားတယ်။ သူတို့ကတော့ 'ဘူး' တလုံးဆောင် အိုးအောင် မဆင်းရဲဘူး ဆိုတဲ့မှုကို ကိုင်စွဲထားဟန် တူတယ်။ ပြည်သူ့ အရင်းရှင်စနစ်ဖြင့် အိပ်မက် မက်တာမျိုး မတွေ့ရဘူး။

ဦးစိုးသိန်း ဂျီစီဘီအေ ရဲ့ ၁၅ ကြိမ်မြောက်(မင်းဘူး၁၉၂၈) နှင့်၁၆ ကြိမ်မြောက်(တောင်ငူ ၁၉၂၉) နှစ်ပတ်လည် အစည်းအဝေးများမှာ နယ်ချဲ့အရင်းရှင် စီးပွားရေး သွေးစုတ် ချယ်လှယ်မှုနှင့်ပတ်သက်တဲ့ ဆုံးဖြတ်ချက်များဟာ မှတ်သားစရာကောင်းတယ်။

မြေအောက် သယံဇာတ သဘာဝ ပစ္စည်းတွေဟာ မြန်မာ့ပစ္စည်းတွေ ဖြစ်တယ်။ ဒီပစ္စည်းတွေဟာ မကုန်နိုင်၊ မခန်းနိုင်

မဟုတ်ဖူး။ အင်းဂလိပ် ကုမ္ပဏီတို့က ဒီလောက် ထုတ်ယူနေရင် မကြာခင် ကုန်ခန်းသွားနိုင်တယ်။

ဒါကြောင့် အင်းဂလိပ်ကုမ္ပဏီများဟာ ရေနံ တူးဖော်ခြင်း၊ ရေနံ ချက်ခြင်း၊ သတ္တု တူးဖော်ခြင်း၊ သတ္တု စင်ခြင်း စတဲ့ လုပ်ငန်းတွေကို ရပ်ဆိုင်းရမယ်လို့ တောင်းဆိုလိုက်တယ်။

တိုင်းပြည် လွတ်လပ်တော့မှ ကိုယ့်ဖာသာကိုယ် ထုတ်ယူ သုံးစွဲမယ်လို့လဲ ဖော်ပြထားတယ်ဗျ။

ဘယ်နိုင်ငံရေး အဖွဲ့အစည်းရဲ့ ဆုံးဖြတ်ချက်မှာမှ ဦးစိုးသိန်း ဂျီစီဘီအေရဲ့ တောင်းဆိုချက်မျိုး မတွေ့ရဘူးဘူးဗျ။

ဦးချစ်လှိုင် ဂျီစီဘီအေနှင့် ဦးစိုးသိန်း ဂျီစီဘီအေ တို့ဟာ *ဗိုင်အာခီသပိတ်မှောက်တာချင်း အတူတူ၊ အာဏာ ဖီဆန်တာ* ချင်း အတူတူဖြစ်ပေမယ့် နည်းပရိယာယ်ချင်း မတူကြဘူး။သဃ မေမ အခွန်တော်ကိစ္စမှာ ထင်ရှားတယ်။

အင်းဂလိပ်အစိုးရဟာ လူအမျိုးမျိုးကို အခွန်တော် အမျိုးမျိုး ကောက်တယ်။

လူတိုင်းကို ညီတူညီမျှ ကောက်ခံခြင်း၊ လူတိုင်း တဦးစီ တန်းတူ ထမ်းဆောင်ရခြင်းကတော့ သဃမေမအခွန်တော် ဖြစ်ပါတယ်။ လူတိုင်းပေးရလို့ လူသိအများဆုံးနှင့် လူမုန်း အများဆုံး အခွန်တော် ဖြစ်လာခဲ့တယ်။

ဒီတော့ အမျိုးသား နိုင်ငံရေး အဖွဲ့အစည်း အသီးသီးဟာ ကိုယ့်နည်းနှင့်ကိုယ် ကန့်ကွက်ကြတယ်။ ကောင်စီဝင်တဲ့ ၂၁ ဦး ပါတီကတောင် ကန့်ကွက်တယ်။

ဦးစိုးသိန်း ကြီးမှူးသော ဂျီစီဘီအေက ကန့်ကွက်ပုံဟာ အပြင်းအထန်ဆုံး ဖြစ်တယ်။ ကန့်ကွက်ကြောင်း ဆုံးဖြတ်ရုံမက အခွန်တော်မပေးရေး၊ အာဏာဖီဆန်ရေးအထိ ဆုံးဖြတ်တယ်။

အခွန်တော်မပေးရေး လူထုလှုပ်ရှားမှုများကို လုပ်တယ်။ ဦးစိုးသိန်း ဂျီစီဘီအေက ဆော်ဩပြီး နေရာများစွာမှာ 'ဘူး' သင်းများ ပေါ်လာတယ်။

အခွန်တော်မပေးဘူးဆိုတဲ့ 'ဘူး'က တလုံး။

အခွန်တော်မပေးလို့ ရုံးမှာတရားစွဲပြီး ရုံးမင်းက ဆင့်ခေါ်တဲ့ အခါမှာ မလာဘူးလို့ ဘူးခံနေတာ 'ဘူး'တလုံး။

ရုံးရောက်လို့ ရုံးမင်းက စစ်တော့ မဖြေဘူးဆိုပြီး ပါးစပ်ပိတ် နေတာက 'ဘူး'တလုံး။

သို့ဖြင့် နိုင်ငံအစိုးရနှင့် မဆက်ဆံရေးလုပ်တဲ့ 'ဘူး'သင်းများ ဖြစ်ပါတယ်။

ဦးချစ်လှိုင် ကြီးမှူးတဲ့ ဂျီစီဘီအေကတော့ သဿမေဓ အခွန်တော် ကောက်မယ့်အစား အခွန်ဘဏ္ဍာငွေတွေ ရအောင် ဘာတွေလုပ်သင့်တယ်ဆိုတာ အကြံပေးထားတယ်။

ဦးချစ်လှိုင် ပေးတဲ့ အကြံတခုကတော့ မီးရထားကုမ္ပဏီကို နိုင်ငံတော်အစိုးရလက်သို့ လုံးဝလွှဲပြောင်းပေးရေးဆိုတဲ့အချက် ဖြစ်တယ်။

မြန်မာ နိုင်ငံ မီးရထားကုမ္ပဏီဟာ တနှစ် ငွေသိန်း လေးရာ ဝင်နေတယ်။ ကုမ္ပဏီလက်မှ နိုင်ငံတော် အစိုးရလက်သို့ လွှဲပြောင်း ပေးရင် အမြတ်ငွေ သိန်း နှစ်ရာ ဟာ အစိုးရအခွန်ဘဏ္ဍာ ဖြစ် သွားမယ် စသည်ဖြင့် ထောက်ပြပါတယ်။

မြန်မာပြည် မီးရထားကုမ္ပဏီနှင့် ပတ်သက်ပြီး ဦးချစ်လှိုင် ဂျီစီဘီအေနှင့် ဦးစိုးသိန်း ဂျီစီဘီအေတို့ နည်းပရိယာယ် ကွဲပြားပုံကို တွေ့နိုင်ပါတယ်။ ဦးစိုးသိန်း ဂျီစီဘီအေရဲ့ မင်းဘူး ကွန်ဖရင့်မှာ အောက်ပါအတိုင်း ဆုံးဖြတ်ခဲ့တယ်။

မြန်မာပြည်က အစိုးရများသည် မြန်မာပြည်မှ ခွဲခန့်သော ငွေဖြင့်လည်းကောင်း၊ နောင်အခါ မြန်မာပြည်က ဆပ်ရမည်ဖြစ်သော ဗဟိုအစိုးရ ချေးငွေဖြင့်သော်လည်းကောင်း မီးရထားလမ်းများ ဆက်လက် ဖောက်သွယ်ခြင်းကို တိုင်းရင်းသားတို့၏ ကြီးပွားရန် မဟုတ်သည့်ပြင် တိုင်းရင်းသားတို့မှာ အမျိုးမျိုး အနှိပ်စက်ခံ အနစ်နာခံရှိသာဖြစ်သောကြောင့် ရှေ့သို့ မီးရထားလမ်းများ ဆက်လက် ဖောက်သွယ်ခြင်းကို ဤ အစည်းအဝေးကြီးက သဘောမတူနိုင်ကြောင်း။

အထက် ဖော်ပြပါ ဆုံးဖြတ်ချက်မှာ ပါတဲ့ ဗဟိုအစိုးရ ချေးငွေဆိုတာ အင်ဒိယပြည် ဗဟိုအစိုးရထံမှ မြန်မာနိုင်ငံက ပြည်နယ်တခုအနေနှင့် ချေးယူရတဲ့ ငွေဖြစ်ပါတယ်။

အင်ဒိယ ဗဟိုအစိုးရကလဲ ဗြိတိသျှ အစိုးရထံမှ ငွေချေးရတယ်။ ထိုချေးငွေဖြင့် ဗြိတိန်မှ မီးရထားခေါင်းတွဲ၊ လူစီးတွဲ၊ သံလမ်း စသည်များကို ဝယ်ယူပြီး အင်ဒိယပြည်နှင့် မြန်မာပြည်တို့မှာ မီးရထား သယ်ယူပို့ဆောင်ရေးလုပ်ငန်းများ တည်ဆောက်ခြင်း ဖြစ်ပါတယ်။

ဒီကြွေးတွေကို ကျွန်တော်တို့ မြန်မာနိုင်ငံဟာ လွတ်လပ်ပြီးသည်အထိ ဆပ်ခဲ့ကြရပါတယ်။ ဒါ့ကြောင့် ဦးစိုးသိန်း ကြီးမှူး

သော ဂျီစီဘီအေ က မီးရထားလမ်းတွေ ဆက်မဖောက်နှင့်ဟု ကန့်ကွက်ခြင်းဟာ လွန်လွန်းရာ မကျပါဘူးဗျာ။

အထက်မှာ ဖော်ပြခဲ့သလို ဦးစိုးသိန်း ဂျီစီဘီအေ က သဿမေဓ အခွန်တော်ကို လုံးဝ ကန့်ကွက်တယ်။ အခွန်တော် မပေးရေး လူထုတိုက်ပွဲများ ဆင်နွှဲတယ်။ ဦးချစ်လှိုင် ဂျီစီဘီအေ ကလဲ သဿမေဓ အခွန်တော်ကို ကန့်ကွက်တယ်။

သို့သော် ရန်သူကို ထွက်ပေါက်ပေးတဲ့ သဘောရှိတယ်။ တချို့ကတော့ အပြုသဘောလို့ ဆိုကြမှာပေါ့။ သဿမေဓ အခွန်တော်ကို မကောက်ဘဲ မီးရထား သယ်ယူပို့ဆောင်ရေး လုပ်ငန်းကို အစိုးရက လုံးဝ လွှဲပြောင်းယူရန် တောင်းဆိုရုံမက တိုက်ရိုက်ဖြစ်သော သဿမေဓ အခွန်တော်မှတပါး သွယ်ဝိုက်ခွန်များကောက်ရန် အကြံပေးပါတယ်။

(၁) ယစ်မျိုးငါးပါး သောက်စားမှု မှန်သမျှ တနှစ် ၁ဝိ လိုင်စင်ယူရန်။

(၂) အရက်လိုင်စင်ရသော ဆိုင်နှင့် ၅ မိုင်ကွာဝေးသော အရပ်တွင် စိမ်ရည်ပြုလုပ်ရန်၊ အရက်ချက်ရန်အတွက် တနှစ် ၅ ကျပ်ကျနှင့် လိုင်စင်ထုတ်ပေးရန်။

(၃) ပွဲလမ်းသဘင်ကျင်းပလျှင် ပွဲခွန်တော် ယူရန်။

(၄) ဆေးဆရာတို့ကိုလည်း အခွန်အကောက်ယူရန်။

(၅) ရှေ့နေ ဝတ်လုံတို့ကိုလည်း အခွန်အကောက်ယူရန်။

(၆) မိဘများ သေဆုံးသောအခါ ငွေတရာလျှင် ၂ ကျပ် ကျ အကောက်တင်၍ သေတမ်းစာခံကြရန်။

(၇) ယခု လက်ရှိ အမွေရသူကိုလည်း ငွေတရာလျှင် ၂ကျပ်က ၃ ကျပ်အထိ အကောက်ယူရန်။

(၈) လယ်မြေမဟုတ်သော အခြားမြေပိုမျှားလည်း အခွန်စည်းကြပ်ရန်။

(၉) တနှစ် ငွေငါးရာက တထောင်အထိ ဝင်သူကို ၈ ကျပ်အထိ ကောက်ယူရန်။

(၁၀) တနည်း။ ငွေ တရာက တထောင်အထိ ဝင်သူကို ငွေတကျပ်လျှင် ၂ ပိုင်ကျ ကောက်ယူရန်။

(၁၁) အုတ်တိုက်နှင့် နေသောသူ တနှစ် ၁၀ အိမ်ခွန်ယူရန်။

(၁၂) ပျဉ်ကာခင်းနေသောသူ တနှစ် ၃ ကျပ်မှ ၅ ကျပ်အထိ အိမ်ခွန်ယူရန်။

(၁၃) ဖက်မိုး ဖက်ကာ နေသောသူ တနှစ် ၁ ကျပ်က ၂ ကျပ်အထိ အိမ်ခွန်ယူရန်။

ဦးချစ်လှိုင်က အကြံပေးတယ်လို့ သူရိယနှင့် ပညာ့အလင်း သတင်းစာတို့က ရေးသား ဖော်ပြထားတယ်။

ဘယ်အထိ မှန်တယ်တော့ မသိဘူး။ ဦးချင်လှိုင် ဂျီစီဘီအေရဲ့ တရားဝင် ဆုံးဖြတ်ချက်အနေနှင့်တော့ မတွေ့ရပါဘူး။သို့သော် ဦးချစ်လှိုင်ဟာ တိုက်ရိုက်အခွန်အစား သွယ်ဝိုက်ခွန်ကို ထောက်ခံဟန်တော့ ရှိပါတယ်။

ဦးစိုးသိန်း ဂျီစီဘီအေ ဘက်သားများက ဒီကိစ္စနှင့် ပတ်သက်ပြီး ဦးချစ်လှိုင်ကို များစွာ မကျေမနပ် ဖြစ်ကြတယ်။ နယ်

များမှာ အချို့ ဝံသာနု ခေါင်းဆောင်များက ကျေညာစာရွက် ရိုက်ပြီး ရှုတ်ချကြတယ်လို့ သိရတယ်။ ကျေညာချက်တခုမှာ အောက်ပါအတိုင်း တွေ့ရတယ်။

"လူယုံ သတ်မှ သေတယ်နော်။ တိုင်းသူ ပြည်သားများ သတိထားကြ။ ဦးချစ်လှိုင်၏ လူတစုတို့က တောနယ်သို့ လှည့်လည်၍ မလိမ့် တပတ် လက်မှတ်ထိုးခိုင်းနေသည်။ လက်မှတ် ထိုးမိပါလျှင် အခွန်သစ်တိုးရန် သဘောတူရာကျ သဖြင့် ဦးချစ်လှိုင် အခွန်ဘေးကြီး ဆိုက်ရောက်၍ တိုင်းပြည်ကြီး ငါးပါးမှောက်၊ ဆယ်ပါးမှောက် အမှောက်ကြီး မှောက်တော့မည်။အလွန့်အလွန် အရေးကြီးတယ်။ နီးကပ်လာလေပြီ။ သတိ ထားကြ။ ဘုရား၊ တရား၊ သံဃာ ရတနာ သုံးပါးကို မှီခိုကြ။ သံဃာတော်တို့၏ဩဝါဒကို နာခံကြ။ သံဃာကို မပြစ်မှားကြနဲ့နော်။ ပြစ် မှားသူ မှန်သမျှ တနေ့တခြား ဆုတ်ယုတ် ပျက်စီး၍ လာပြီ။ သတိမရကြသေးဘူးလား။ သံဃာတော်တို့ကို တွေ့ကရာပြုလုပ်လျှင် လောကီ တွင် မဟုတ်။ သေသောအခါ အဝီစိရောက်မည့် ဘေးကြီးကို သနားသဖြင့် ကောင်းမြတ်သော စိတ်ထားနှင့် ရေးသားလိုက်ပါသည်။

ဆရာစံ

ကမာမိုး၊ ဘီလူးကျွန်း၊ မော်လမြိုင်မြို့။

ဒီဆရာစံဟာ အခြားဆရာစံ မဟုတ်ပါဘူး။ နောင် သုပဏ္ဏက ဂဠုန်ရာဇာဘွဲ့ခံတဲ့ ဂဠုန် ဆရာစံပင် ဖြစ်ပါတယ်။ သူဟာ ဦးစိုးသိန်း ကြီးမှူးသော သက်ပန်းဆရာတော် ဩဝါဒခံ ဂျီစီဘီအေဂိုဏ်းဝင် ဖြစ်ပါတယ်။

သူ့ကျေညာချက်မှာ သံဃ ဩဝါဒခံ စနစ်ကို ပယ်လှန်တဲ့ ဦးချစ်လှိုင်ကို စောင်းချိတ်ထားဟန် တူပါတယ်။

# ပြင်ပကမ္ဘာနှင့် ဆက်သွယ်ရေး

မြန်မာနိုင်ငံရေး အဖွဲ့အစည်းများဟာ ပြင်ပကမ္ဘာနှင့် ဆက်သွယ်ရေးကို ဂရုမစိုက် မဟုတ်ပါဘူး။ ဂရုစိုက်ကြပါတယ်။

ပြည်သူ ပြည်သား ပါတီ ခေါ်တဲ့ ၂၁ ဦး ပါတီကတော့ ဗြိတိန်နှင့် ဆက်သွယ်ရေးကို ပို အလေးပေးတာ တွေ့ရတယ်။ ဗြိတိသျှ ပါလီမန်နိုင်ငံရေးကို များစွာအားကျတယ်။ မြန်မာ့အရေးကို ဗြိတိသျှ ပါလီမန်က စိတ်ပါဝင်စားလာအောင် ကြိုးပမ်းကြတယ်။

၂၁ ဦးပါတီက တင်ပြတောင်းဆိုတဲ့ မြန်မာပြည်သူတွေရဲ့ တောင်းဆိုချက်များကို ဗြိတိသျှ ပါလီမန် အမတ်များက ထောက်ခံအောင် လှုံ့ဆော်ကြတယ်။ မြန်မာပြည်သူတွေရဲ့ ဆန္ဒဖော်ထုတ်ချက်တွေ အင်းဂလိပ် သတင်းစာများမှာ ပါအောင် ဝါဒဖြန့်ကြတယ်။

ဂျီစီဘီအေ တွေကတော့ ဗြိတိန်နှင့် ဗြိတိသျှ ပါလီမန်ကို ကျော်ပြီး စဉ်းစားကြတယ်။ အင်ဒိယ အမျိုးသား ကွန်ဂရက်ကို အားကျကြတယ်။ မဟတ္တမဂန္ဒီ၊ အဖေ နေရူး၊ သား နေရူး စသော အင်ဒိယ ခေါင်းဆောင်များကို ကိုယ့်ခေါင်းဆောင်များသဖွယ် လေးစားအားထားကြတယ်။

ကွန်ဂရက်နိုင်ငံရေးလမ်းစဉ်၊ကွန်ဂရက်ဝါဒ စသည်များနှင့် မတိမ်းမယိမ်း ဝါဒလမ်းစဉ်များ ချမှတ်ကြတယ်။ အင်ဒိယ အမျိုးသား ကွန်ဂရက်ကဲ့သို့ပင် ဒိုင်အာခီ သပိတ်မှောက်ခြင်း၊ အင်းဂလိပ် အာဏာပိုင်များနှင့် မဆက်ဆံခြင်း၊အကြမ်းမဖက်ဘဲ အနုနည်းဖြင့် အာဏာဖီဆန်ခြင်း စသည်တို့ကို လွတ်လပ်ရေး တိုက်ပွဲနည်းဗျူဟာအဖြစ်ဖြင့် သုံးကြတယ်။

ဂျီစီဘီအေတို့ဟာ အင်ဒိယ အမျိုးသားကွန်ဂရက်နှင့် ပူးတွဲပြီး နယ်ချဲ့ ဆန့်ကျင်ရေး တိုက်ပွဲများ ဆင်နွှဲမှ မြန်မာပြည် လွတ်လပ်ရေး လွယ်ကူမြန်ဆန်မယ်လို့ ယုံကြည်ကြတယ်။

အင်ဒိယပြည်မှာ ရှိနေတဲ့ နယ်ချဲ့ဆန့်ကျင်ရေး အင်အားစုတို့နှင့် လက်တွဲရုံမက ကမ္ဘာမှာ ရှိနေတဲ့ အခြား နယ်ချဲ့ဆန့်ကျင်ရေး အင်အားစုများနှင့် (ဝါ) တိုးတက်သော ကမ္ဘာ့ပြည်သူတွေနှင့် လက်တွဲရန်လဲ ကြိုးပမ်းကြတယ်။ ဒီကိစ္စမှာ ဦးစိုးသိန်းကြီးမှူးတဲ့ ဂျီစီဘီအေဟာ ပိုမို ထူးခြားတယ်။

၁၉၃၀ ပြည့်နှစ်တဝိုက်မှာ နယ်ချဲ့အရင်းရှင် နိုင်ငံများတွင် ဖက်ဆစ်ဝါဒ အားကောင်းလာတယ်။ အချို့ နိုင်ငံများမှာ ဖက်ဆစ်များ အာဏာသိမ်းတယ်။

ဖက်ဆစ် အာဏာမသိမ်းနိုင်တဲ့ နိုင်ငံများမှာ အဖောက်ပြန်ဆုံးသော နယ်ချဲ့ အရင်းရှင် အသိုင်းအဝိုင်းများဟာ ဖက်ဆစ် သရဲမွေးသူများ ဖြစ်လာတယ်။

ဒီအခြေအနေမှာ ဖက်ဆစ် ဆန့်ကျင်ရေး၊ နယ်ချဲ့ ဆန့်ကျင်ရေး တပ်ပေါင်းစုများကို ကမ္ဘာ့ပြည်သူတို့က ဖွဲ့စည်းကြတယ်။

ဥရောပနိုင်ငံများမှာ ကွန်မြူနစ်ပါတီများ၊ လက်ဝဲ ဆိုရှယ်လစ်များ၊ အလုပ်သမား အဖွဲ့အစည်းများနှင့် အခြားတိုးတက်သော အင်အားစုများဟာ ပြည်သူ့ညီညွတ်ရေး တပ်ပေါင်းစုများ အဖြစ်ဖြင့် စည်းရုံးလှုပ်ရှားကြတယ်။

တရုပ်ပြည်မှာဆိုရင် တရုပ် ကွန်မြူနစ်ပါတီက ဦးဆောင်ပြီး ကိုမင်တန်ပါတီ အပါအဝင် နယ်ချဲ့ဆန့်ကျင်ရေး အင်အားစုများကို ညီညွတ်ရေးတပ်ပေါင်းစု ဖွဲ့စည်းရန် လှုံ့ဆော်တတ်ခေါ်ခဲ့တယ်။

ဒီလို ကမ္ဘာ့နယ်ချဲ့ ဆန့်ကျင်ရေး အင်အားစုနှင့် ပြည်သူတို့ရဲ့ လှုပ်ရှားမှုတွေထဲမှာ တရုပ်ပြည်က မဒန်ဆွန်ယက်ဆန်၊ အင်ဒိယပြည်က ပန်ဒစ် ဂျဝါဟာလာ နေရူး စတဲ့ အမျိုးသား ခေါင်းဆောင်များ ရှေ့တန်းမှ ပါဝင်ကြတယ်။

ထိုလှုပ်ရှားမှုများရဲ့ အစိတ်အပိုင်းအနေနှင့် ၁၉၂၁ ခုနှစ် ဒုတိယ ဝါဆိုလ၊ ၁၉၂၉ ခုနှစ် ဇူလိုင်လမှာ ပြင်သစ်ပြည် ပါရီမြို့မှာ 'ကမ္ဘာပေါ်တွင် ဖိနှိပ်လွှမ်းမိုးခြင်း ခံရသော တိုင်းပြည် အသီးသီးတို့၏ အစည်းအဝေး' တရုပ် ကျင်းပရန် ရှိတယ်။
(Conference of Oppressed Peoples of the World)

အဲဒီ အစည်းအဝေးသို့ မြန်မာပြည်က သွားတက်ရန် ဦးစိုး သိန်း ကြီးမှူးသော ဂျီစီဘီအေ က ၁၆ ကြိမ်မြောက် ကွန်ဖရင့်မှာ ဆုံးဖြတ်ခဲ့ပါတယ်။

ဒီကွန်ဖရင့်မှာ နိုင်ငံခြားသို့ ပညာသင် သွားသူတွေရဲ့ ကိစ္စနှင့် ပတ်သက်ပြီး ဆုံးဖြတ်ပုံဟာလဲ စိတ်ဝင်စားစရာ ကောင်းပါတယ်။ အင်ဂလန်သို့သာ ပညာသင် သွားနေကြခြင်းဟာ နည်းလမ်းမကျဘူးတဲ့။ အမေရိကန်၊ ဂျာမန် စတဲ့ နိုင်ငံကြီးများကိုလဲ စွန့်စွန့်စားစား သွားရောက် ပညာသင်သင့်ကြတယ်တဲ့။ တတ်နိုင်လျှင် ရုရှားနိုင်ငံကိုပင် သွားပြီး ပညာသင်ယူသင့်တယ်တဲ့ ဗျ။

အင်ဒိယပြည် ဗဟို ဥပဒေပြု ကောင်စီမှာ အင်းဂလိပ် အာဏာပိုင်တို့ဘက်မှ 'အမျှား ညီညွတ်ရေး အက်ဥပဒေ'ဆိုတဲ့ ဥပဒေတရပ်ကို တင်သွင်းခဲ့ကြတယ်။ ဒါကို ဗဟို ဥပဒေပြု ကောင်စီဝင် အမတ်အချို့နှင့် ပြည်သူဘက်သား နိုင်ငံရေး အဖွဲ့ အစည်းများက ကန့်ကွက်ကြတယ်။

ဒီဥပဒေဟာ 'အင်ဒိယပြည်ကို ကွန်မြူနစ် မဝင်ရအောင်' ပြုလုပ်တဲ့ အစီအစဉ်တရပ်ဖြစ်လို့ မြန်မာတို့ကလဲ အင်ဒိယ ပြည်သူပြည်သားတို့နှင့်အတူ ကန့်ကွက်သင့်တယ်လို့ ဦးစိုးသိန်း ကြီးမှူးသော ဂျီစီဘီအေ က ဆိုပါတယ်။

နိုင်ငံခြား ဆက်သွယ်ရေး ကိစ္စများမှာ အခြား ဂျီစီဘီအေ များဟာ ဦးစိုးသိန်း ကြီးမှူးသော ဂျီစီဘီအေ လောက် တက်တက်ကြွကြွ နိုးနိုးကြားကြား မရှိဘူး။ သူတို့လောက်လဲ မတိုးတက်ဖူး။

# ဦးစိုးသိန်း ဂျီစီဘီအေ ကွဲပုံ

မြန်မာအသင်းချုပ်ကြီး (ဂျီစီဘီအေ)ရဲ့ ၁၆ ကြိမ်မြောက် ကွန်ဖရင့်ကို တောင်ငူမြို့မှာ (၁၉၂၉ ခုနှစ် မတ်လ) ၁၂၉၀ ပြည့်နှစ် တန်ခူးလထဲမှာ ကျင်းပခဲ့တယ်။

အဲဒီ အစည်းအဝေး ပထမနေ့မှာ မူလ အစီအစဉ်အတိုင်း ဦးစိုးသိန်းကိုဘဲ ဦးစီးခေါင်းဆောင် သမတအဖြစ်ဖြင့် ရွေးကောက် တင်မြှောက်ခဲ့တယ်။

သူတို့ခေတ်တုန်းက ဂျီစီဘီအေ ဦးစီး ခေါင်းဆောင်ကို ချယ်ယာမင်လို့ ခေါ်ရင် ခေါ်၊ မခေါ်ရင် သမတလို့ ခေါ်ကြတယ်။ ဘယ်သူမှ သဘောမတူဘဲနှင့် မြန်မာပြည်ကို လာအုပ်ချုပ်နေကြတဲ့ နိုင်ငံခြားသား ဘုရင်၊ ဘုရင်မများ၊ ဘုရင်ခံ

ချုပ်များ၊ ဘုရင်ခံများနှင့် ကွဲပြားခြားနားရန် ကိုယ့် သမတ ကိုယ်တင်တဲ့ သဘော ရောက်ရန် ခေါ်ကြခြင်း ဖြစ်ပါတယ်။

ကွန်ဖရင့် နောက်နေ့များကျတော့ ဆရာတော်အချို့ဟာ ဦးစိုးသိန်းကို ခေါင်းဆောင် သမတ ရွေးကောက် တင်မြှောက်ထားခြင်းကို ကန့်ကွက်လာကြပြန်တယ်။

ဦးစိုးသိန်းဟာ နိုင်ငံအစိုးရမင်းများကို အကြမ်းဖက်ပြီး တော်လှန် ပုန်ကန်ရန် များစွာ စိတ်အားထက်သန်နေတယ်လို့ ယူဆကြတယ်။ ထိုသို့ စိတ်အားထက်သန်နေခြင်းကို ထိုဆရာတော်များက မနှစ်သက်ကြဘူး။ အထူးသဖြင့် ဦးစိုးသိန်း ခေါင်းဆောင်မှုဖြင့် ချမှတ်ခဲ့တဲ့ ဆုံးဖြတ်ချက် နှစ်ခုကို မနှစ်သက်ကြဘူး။

၁၅ ကြိမ်မြောက် ဂျီစီဘီအေ ကွန်ဖရင့်က အင်ဒိယပြည်မှ မြန်မာပြည် ခွဲထွက်ခြင်းကို ကန့်ကွက်ခဲ့တယ်။ ၁၆ ကြိမ်မြောက် ကွန်ဖရင့်က ထိုကန့်ကွက်ချက်ကို ထပ်မံ အတည်ပြုရုံမက အကယ်လို့ ပြည်သူ့ ကိုယ်စားလှယ်များ မဟုတ်တဲ့ မူးမတ်တွေက အင်ဒိယပြည်မှ မြန်မာပြည်ကို အတင်းခွဲထုတ်ရင် အရပ်ရပ် အခွန်ပေးခြင်းများ ရပ်စဲရန် ပြင်ဆင်ထားဘို့ ဆုံးဖြတ်လိုက်တယ်။

ထိုဆရာတော်များ မနှစ်သက်တဲ့ အခြားဆုံးဖြတ်ချက် တခုကတော့ နိုင်ငံ့ဝန်ထမ်းတပ်ဖွဲ့များ ဖွဲ့စည်းရန် ဆုံးဖြတ်ခဲ့ခြင်း ဖြစ်တယ်။(**Volunteer Corps**) လက်နက်ကိုင် ပုန်ကန်ထကြွရန် ရည်ရွယ်ချက် ပါတဲ့ ဆုံးဖြတ်ချက်များ ဖြစ်တယ်လို့ ယူဆကြတယ်။

သို့သော် ထိုဆရာတော်တွေဟာ ဆုံးဖြတ်ချက်ကို ပြင်တို့ မဆောင်ရွက်ကြဘဲ ဦးစိုးသိန်း ဆိုတဲ့ လူကို ဖယ်ရှားပစ်ဖို့ ကြိုးစားကြတယ်။ မှု စကားမပြောဘဲ လူ စကားပြောလာကြတယ်။

ဆရာတော် သံဃာတော်အချို့ဟာ ယခင်က ဦးစိုးသိန်းအား ထောက်ခံခဲ့ခြင်းကို ရုပ်သိမ်းကြောင်း၊ဂျာမနီပြန် ဦးစုကို သမတ ခေါင်းဆောင်သစ်အဖြစ် ရွေးကောက် တင်မြှောက်လိုကြောင်း အကြံပေး မိန့်ကြားကြတယ်။ ထိုအကြံပေးချက်ကို ကွန်ဖရင့်က လက်မခံတော့ ကွန်ဖရင့်က ထွက်ခွာသွားကြပြီး ဂိုဏ်းခွဲ တည်ထောင်လိုက်ကြတယ်။ ထိုဂိုဏ်းခွဲဟာ ဦးစု ကြီးမှူးသော ဂျီစီဘီအေ ဖြစ်ပါတယ်။ ရေဦးဆရာတော် ဩဝါဒခံတယ်လို့ ကျော်ညာတယ်။

ဦးစိုးသိန်းဟာ ဦးချစ်လှိုင်နှင့် မတူ။ သံဃာဩဝါဒခံ စနစ်ကို လက်ခံသူ ဖြစ်တယ်။ သို့သော် အထက်တနေရာမှာ ကျွန်တော် ဖော်ပြခဲ့သလို သံဃာ ဩဝါဒခံစနစ်ရဲ့ ဒဏ်ကို သူလဲ အတော် ခံလိုက်ရပါသေးတယ်။ သူ့အဖို့ သက်သာသွားတာကတော့ သက်ပန်းဆရာတော်ကြီးက သူ့ဘက်က ဆက်နေခြင်း ဖြစ်ပါတယ်။

နိုင်ငံရေး ကွဲလွဲမှုကို နိုင်ငံရေးနည်း၊ စည်းရုံးရေး နည်းများဖြင့် ဓမ္မဒိဋ္ဌာန်ကျကျ မကျိတ်ချေ၊ မဖြေရှင်းဘဲ ပုဂ္ဂလဒိဋ္ဌာန် နည်းဖြင့် ဖြေရှင်းဖို့ ကြိုးစားရင် လူချင်းသာမက ဘုန်းကြီးချင်း လည်း ကွဲတတ်ကြကြောင်း သက်သေထူလိုက်သလို ရှိပါတယ်။

## ဆိုင်မွန်ကော်မရှင်

ဗြိတိသျှနယ်ချဲ့သမားတို့ဟာ သူတို့ပေးခဲ့တဲ့ ဒိုင်အာခီ ပြုပြင်ပြောင်းလဲရေး (ပူးတွဲတာဝန်ခံ အုပ်ချုပ်ရေးစနစ်)ကို အင်ဒိယပြည်နှင့် မြန်မာပြည်တို့မှ ပြည်သူလူထု တကယ်ထောက်ခံမှု ရရှိသော နိုင်ငံရေး အဖွဲ့အစည်းများက သပိတ်မှောက်ထားခြင်းကြောင့် သူတို့ရည်ရွယ်ချက် အထမမြောက်ကြောင်း နားလည်တယ်။

သူတို့ရဲ့ မီးစတဖက် ရေမှုတ်တဖက် ဝါဒအရ တဖက်က ဖိနှိပ်ချုပ်ချယ်၊ တဖက်က အပေါ်ယံ လိုက်လျောချက်အချို့ လုပ်ပေးပြီး ပြည်သူတွေရဲ့ နယ်ချဲ့ဆန့်ကျင်ရေး အုံကြွလှုပ်ရှားမှုကို ဖျက်ဆီးရန် ဆိုတဲ့ ရည်ရွယ်ချက်ဟာ မအောင်မြင်ပါဘူး။

၁၉၃၀ ပြည့်နှစ်တဝိုက် အခြေအနေများအရ ပိုဆိုးလာမှာကိုပင် သူတို့ စိုးရိမ်နေကြရတယ်။ ဒါကြောင့် ဒိုင်အာခီ ပြုပြင်

ပြောင်းလဲရေးမှာ ဘာချွတ်ယွင်းချက် ရှိသလဲ၊ လူအများ မကျေနပ်တာက ဘာလဲ၊ ဘယ်လိုပြုပြင်ပေးရင် ကောင်းမည်လဲ စသည်ဖြင့် စုံစမ်းပြီး ပြန်လည်ဆန်းစစ်ပါမယ်လို့ ကျေညာလိုက်တယ်။ အင်ဒိယပြည် မြန်မာပြည်တို့ကို သွား၊ စုံစမ်း၊ ပြည်လည်ဆန်းစစ်၊ အစီရင်ခံရန်နှင့် ထောက်ခံချက်များပြုရန် လော့ဒ်ဆိုင်မွန် ကြီးမှူးတဲ့ ဆိုင်မွန်ကော်မရှင်ကို ဖွဲ့ပေးလိုက်တယ်။

ဆိုင်မွန်ကော်မရှင်ကို ၁၉၂၇ ခုနှစ် နိုဝင်ဘာမှာ ဖွဲ့စည်းတယ်။ ၁၉၂၈ ခုနှစ် ဖေဖော်ဝါရီနှင့် မတ် မှာ ပထမ တကြိမ် အင်ဒိယပြည်ကို လာပြီး စုံစမ်းတယ်။ မြန်မာပြည်ကို ဝင်မလာဘူး။

၁၉၂၈ အောက်တိုဘာမှာ အင်ဒိယပြည်သို့ ဒုတိယအကြိမ် လာတယ်။ မြန်မာပြည်ကို ဝင်သွားတယ်။

ဆိုင်မွန်ကော်မရှင်အပေါ် နိုင်ငံရေးအဖွဲ့အစည်း အသီးသီး ရဲ့ သဘောထားများဟာ သူတို့ အသီးသီး ချမှတ်ထားတဲ့ နိုင်ငံရေးလမ်းစဉ်များနှင့် ရှေ့နောက်ညီတယ်လို့ ဆိုရမှာဘဲဗျာ။

အင်ဒိယပြည်မှာ ရှိနေတဲ့ ပြည်နယ်ဥပဒေပြု ကောင်စီများဟာ ဆိုင်မွန်ကော်မရှင်နှင့် ပူးပေါင်းဆောင်ရွက်ရန် ဆုံးဖြတ်ထားကြတယ်။ ဥပဒေပြု ကောင်စီဝင်အမတ်များထဲမှ အချို့ကို ရွေးချယ်လိုက်ပြီး ဆိုင်မွန်ကော်မရှင်နှင့်အတူ စုံစမ်းရေး လုပ်စေချင်တယ်။ ဆိုင်မွန်ကော်မရှင် လိုအပ်သော အကူအညီများကို ပေးစေတယ်။

မြန်မာပြည်ဟာ အင်ဒိယပြည်ထဲမှ ပြည်နယ်တခု ဖြစ်တဲ့အတိုင်း မြန်မာပြည် ဥပဒေပြုကောင်စီက အမတ် ခုနစ်ဦးကို ဆိုင်မွန်ကော်မရှင်နှင့် ပူးပေါင်းဆောင်ရွက်ရန် ရွေးချယ်ပေးလိုက်တယ်။ အဲဒီ ခုနစ်ဦးထဲမှာ အင်းဂလိပ်အလိုတော်ရိနှင့် လူနည်းစုကိုယ်စားလှယ်များ အပြင် ပြည်သူ ပြည်သားပါတီ ခေါ်တဲ့ ၂၁ ဦး ပါတီဝင်အမတ်များလည်း ပါတယ်။

ဂျီစီဘီအေ အဖွဲ့ချုပ်များဟာ ဒိုင်အာခီကို သပိတ်မှောက်ထားတဲ့အတိုင်း ဗြိတိသျှတို့ရဲ့ တစတစ ပြုပြင်ပြောင်းလဲရေး အစီအစဉ်များကို ယေဘုယျအားဖြင့် မဆက်ဆံရေးမူကိုဘဲ ချထားကြတယ်။

သို့သော် ဦးချစ်လှိုင်ကြီးမှူးသော ဂျီစီဘီအေဟာ တဖြည်းဖြည်း သဘောထား ပြောင်းလာတယ်။ တတိယအကြိမ် ပြုလုပ်တဲ့ ဒိုင်အာခီ ဥပဒေပြုကောင်စီကို ဦးချစ်လှိုင်ကြီးမှူးသော ဂျီစီဘီအေက သပိတ်လှန်ခဲ့တယ်။

ဆိုင်မွန်ကော်မရှင် မြန်မာပြည် လာလျှင် မည်သို့သော အုပ်ချုပ်ရေးစနစ်မျိုးကို မြန်မာပြည်က လိုလားကြောင်း အကြံပေး အဆိုပြုရမယ်လို့ ဆိုလာတယ်။

ဦးစိုးသိန်း ကြီးမှူးသော ဂျီစီဘီအေကတော့ ဆိုင်မွန်ကော်မရှင်ကို ပြတ်ပြတ်သားသား သပိတ်မှောက်တယ်။

လွတ်လပ်ရေးဆိုတာ ဗြိတိသျှပါလီမန်ကိုသော်၎င်း၊ ထိုပါလီမန်က ဖွဲ့လိုက်တဲ့ ကော်မရှင်ကိုသော်၎င်း လက်ဖြန့်တောင်းနေလို့ မရနိုင်ဘူး။ တောင်သူလယ်သမားများကို အမှီသဟဲ ပြုကာ ကာယဗလ၊ ဥာဏဗလ၊ ဘောဂဗလ စသည်များကို ရင်းနှီးပြီး စွန့်စားဆောင်ရွက်မှ ရနိုင်တယ်လို့ ကျေညာလိုက်ပါတယ်။

ဦးစု ကြီးမှူးတဲ့ ဂျီစီဘီအေကလဲ ဦးစိုးသိန်းတို့နှင့် တသဘောတဲပါဘဲ။ ဆိုင်မွန်ကော်မရှင်ကို သပိတ်မှောက်ခဲ့ကြတယ်။

## မြန်လည်ညီညွတ်ရေး ကြိုးပမ်းမှုများ

မြန်မာနိုင်ငံရေးလောကမှာ အကွဲကွဲ အပြားပြားဖြစ်နေတာကို ပြည်သူလူထုက မလိုလားကြပါဘူး။ ပြန်လည်ညီညွတ်ရေးအတွက် ဆန္ဒပြင်းပြစွာ ရှိကြတယ်။ ဒီဆန္ဒဟာ ခေါင်းဆောင်တွေကြားမှာ ဂယက်ရိုက်လာပါတယ်။

ကမ္ဘာ့ပြည်သူတို့က နယ်ချဲ့ဆန့်ကျင်ရေးအတွက် ညီညွတ်ရေးတည်ဆောက်ရန် ကြိုးပမ်းနေကြခြင်းကို မြန်မာခေါင်းဆောင်တို့အားကျကြပါတယ်။

ညီညွတ်ရေးပြန်လည်ထူထောင်ရန် ခေါင်းဆောင်အသီးသီးလှုံ့ဆော်ပြောဆိုကြတယ်။

ယေဘုယျအားဖြင့် ပြည်သူလူထုကို ညီညွတ်ကြပါလို့ တိုက်တွန်းရုံမက ကွဲပြားနေသော အဖွဲ့အစည်း အချင်းချင်း ကမ်းလှမ်း

ပြောဆိုခြင်းများလဲ ရှိလာပါတယ်။ စည်းဝေးဆွေးနွေးခြင်းများပင် ပြုလုပ်ကြတယ်။

သို့သော် ညီညွတ်ရေးဟာ မလွယ်ပါဘူး။ ညီညွတ်သော နိုင်ငံရေးဝါဒလမ်းစဉ်များ မချမှတ်နိုင်ကြဘူး။ စည်းရုံးရေးမှာလဲ တသီးပုဂ္ဂလဝါဒနှင့် ဂိုဏ်းဂဏဝါဒများ လွှမ်းနေတယ်။

အဖွဲ့အစည်းဘောင်အတွင်းမှ စည်းကမ်းထိန်းသိမ်းပြီး ဇွဲရှိရှိ အရေထူထူနှင့် ဆောင်ရွက်နိုင်သော အတွေ့အကြုံလဲ မရှိကြသေးဘူး။

အလယ်တောရဆရာတော်၊ အသီတိဆရာတော်၊ ဇောတနာရာမ ဆရာတော်၊ ဗားကရာ ဆရာတော်၊သာစုဆရာတော်၊စလင်းဆရာတော်၊ ကျောင်းကြီးဆရာတော်နှင့် ဗိုလ်တထောင် ဆရာတော်တို့ဟာ ညီညွတ်ရေးပြန်လည်ထူထောင်ရန် ကော်မီတီတရပ် ဖွဲ့စည်းလိုက်ကြတယ်။ အကျိုးဆောင်ဆရာတော်က ဦးဝိမလဗုဒ္ဓိ ဖြစ်ပါတယ်။

စေတနာကောင်းနှင့် ဖွဲ့စည်းလိုက်တဲ့ အဖွဲ့ပါဘဲ။

ရဟန်းရှင်လူ ပြည်သူအားလုံးဟာ အောက်ပါလုပ်ငန်းကြီး သုံးရပ်အတွက် ညီညွတ်ကြရမယ်လို့ ဆိုပါတယ်။

၁။ သာသနာတော်ရေးနှင့် စပ်လျဉ်း၍ ခုခံ ကာကွယ်ရန် အရေး။

၂။ လာရောက်မည့် ဆိုင်မွန်ကော်မရှင်ကို ထိထိ ရောက်ရောက် သပိတ်မှောက်ရန်အရေး။

၃။ မြန်မာပြည် ကိုယ်ပိုင်အုပ်ချုပ်ရေး ဥပဒေကြမ်းကို ရေးသားရန်အရေး။

အမည်ကတော့ စတုဒိသာ တရာကော်မီတီလို့ ခေါ်တယ်။ အရပ် လေးမျက်နှာမှ လာပြီး ညီညွတ်ကြရန် ဖွဲ့စည်းထားတဲ့ ခေါင်းဆောင် တရာ ပါတဲ့ ကော်မီတီလို့ အဓိပ္ပာယ် ရပါတယ်။ တရာကော်မီတီထဲမှ အဖွဲ့အစည်းပေါင်းစုံပါအောင် ဖိတ်ခဲ့တယ်။

သို့သော် ပါတီအဖွဲ့အစည်းတွေက သူတို့အသိနှင့်သူတို့ အလို အလျောက် ညီညွတ်ရေး တည်ဆောက်ကြတဲ့ သဘောမပါခြင်း ဟာ အကြီးဆုံးသော အားနည်းချက်ပါဘဲ။

စေတနာကောင်းကောင်းနှင့် ဆရာတော်ကြီး ရှစ်ပါးက ကြားမှ ညီညွတ်ရေးမရအရ တည်ဆောက်တဲ့သဘော ဖြစ်တယ်။ တကယ်တမ်းလဲ ဆရာတော်ကြီးတွေက သြဇာနှင့် အကြပ်ကိုင်ပြီး ညီညွတ်ရေးလုပ်ခြင်း ဖြစ်ကြောင်း တွေ့ရတယ်။

တရာကော်မီတီထဲမှာ ပါမယ့် ကော်မီတီလူကြီး သုံးဆယ်ကို ဆရာတော်ကြီးများက ရွေးချယ်မယ်။ ကျန် ၇၀ ကို ပါတီအဖွဲ့ အစည်း အသီးသီးက လွှတ်ရမယ်။

ဥပဒေပြု ကောင်စီဝင် ဖြစ်နေလို့ရှိရင် ဆရာတော်ကြီးများ က ကောင်စီမှ ထွက်ဆိုလျှင် ထွက်ပါမယ်လို့ ကတိလက်မှတ် ရေးထိုးထားရမယ်။ ကောင်စီဝင် အရွေးခံရန် အမည်စာရင်း သွင်းထားလျှင်လဲ ဆရာတော်ကြီးများက ရုပ်သိမ်းဆိုလျှင် ရုပ် သိမ်းပါမယ်လို့ ကတိလက်မှတ် ရေးထိုး ထားရမယ်။ တရာ

ကော်မီတီဝင် အဖြစ်ဖြင့် ဆောင်ရွက်ရန် မသင့်တော့ဘူးလို့ ဆရာတော်ကြီးများက ဆုံးဖြတ်ရင် အချိန်မရွေး ကော်မီတီမှ ထွက်ပေးရမယ်။

တရားကော်မီတီသို့ ဝင်ပြီး ဆောင်ရွက်ရန် သဘောတူကြတဲ့ အထဲမှာ ၂၁ ဦး ခေါင်းဆောင်အချို့ကို တွေ့ရတယ်။

ဦးချစ်လှိုင် ဂျီစီဘီအေမှာ ပါဘူးတဲ့ ဦးပေါ်ထွန်းကိုလဲ တွေ့ရတယ်။ သတင်းစာဆရာအချို့ကိုလဲ တွေ့ရတယ်။ မန္တလေး ဦးကျော်ရန်လို မြန်မာပညာရှိကြီးကိုလဲ တွေ့ရတယ်။ ဒီးဒုတ် ဂျာနယ်က အထူးအားပေးကြောင်း တွေ့ရပါတယ်။

ဦးစိုးသိန်း ကြီးမှူးသော ဂျီစီဘီအေ ကတော့ ဘယ်လိုမှ မတုံ့ပြန်ပါဘူး။ သူ့လမ်းစဉ်အတိုင်း သူ သွားနေတယ်။

ဦးချစ်လှိုင်ကတော့ ပြတ်ပြတ်သားသား ငြင်းပယ်လိုက် တယ်။ ဆရာတော်ကြီးများ ဖွဲ့စည်းမယ့် စတုဒိသာ တရားကော်မီ တီဟာ ဆရာတော်ကြီးများက ဖြုတ်နိုင် ချနိုင် ကော်မီတီဖြစ်လို့ နည်းလမ်းမကျကြောင်း ဒီမိုကရေစီမရှိသော အဖွဲ့သို့ သူ့ဂျီစီ ဘီအေမှ ကိုယ်စားလှယ်မလွှတ်နိုင်ကြောင်း၊ လွတ်လပ်သော အုပ်ချုပ်ရေး စကင်းမျိုးနှင့် လွန်မင်းစွာ ဆန့်ကျင်နေကြောင်း ကျေညာလိုက်ပါတယ်။

နောက်တော့ မြန်မာပြည် စီရင်စု တိုင်းဆိုင်ရာ အထူးအကျိုး တော်ဆောင် အဖွဲ့ကိုယ်စား ဆရာတော်ဦးကေတုက သာမဂ္ဂီစစ် ဝံသာနုစစ်များသည် တရားကော်မီတီကို အသိအမှတ် မပြုရလို့ ကျေညာချက် ထုတ်လိုက်တယ်။

သိပ်မကြာပါဘူး။ စတုဒိသာ တရားကော်မီတီဟာ အလုပ်လုပ် မဖြစ်သဖြင့် ကိုယ့်ဖာသာ ဖျက်သိမ်းပစ်လိုက်ရပါတယ်။

အင်းဂလိပ် နယ်ချဲ့သမားက သူပြုလုပ်ပေးထားတဲ့ ဒိုင်အာခီ အုပ်ချုပ်ရေး မအောင်မြင်ခြင်းကို ဝန်ခံရပြီး ဆိုင်မွန် ကော်မ ရှင် ဖွဲ့ကာ အုပ်ချုပ်ရေးသစ် ပြုလုပ်ရန် စီစဉ်လာရခြင်းကို မြန်မာ ခေါင်းဆောင်တွေက မြန်မာပြည်အဖို့ အခွင့်သာချက်လို့ မြင်ကြတယ်။

ဘယ်သို့သော အတိတ်ကြောင်းများကြောင့် ကွဲပြားနေကြ စေကာမူ ယခုလိုအချိန်မျိုးမှာ လိုလားချက်ကို တညီတညွတ် တည်း တင်ပြရမယ်လို့ သဘောပေါက်ကြတယ်။

ဒါကြောင့် ၁၉၂၉ ခုနှစ် အောက်တိုဘာ ၂၂ ရက်နေ့မှာ ပြည်လုံးကျွတ် ညီလာခံတရပ် ကျင်းပကာ ဒိုမိနီယံ ဟူမှုရှုးလ် ပေးရမယ်လို့ တညီတညွတ်တည်း ဆုံးဖြတ်ကြပြီး ၂၇ ဦး ကော် မီတီဆိုတဲ့ အဖွဲ့အစည်းတရပ်ကိုလဲ ဖွဲ့စည်းလိုက်ကြတယ်။

၂၇ ဦး ကော်မီတီဟာ အမျိုးသား နိုင်ငံရေး အင်အားစုရဲ့ ညီညွတ်ရေး တပ်ပေါင်းစုသဘော ဆောင်ပါတယ်။

ပြည်သူပြည်သား ပါတီခေါ် ၂၁ ဦးပါတီမှ ဝတ်လုံတော်ရ အမ်အေ- ဦးမောင်ကြီး၊ ဝတ်လုံတော်ရ ဦးသိမ်းမောင်၊ သူရိယ ဦးဘဖေ စသူတို့ ပါတယ်။

ဦးချစ်လှိုင် ကြီးမှူးသော ဂျီစီဘီအေမှ ဝတ်လုံတော်ရ ဦးချစ်လှိုင်၊ ဝတ်လုံတော်ရ ဦးပေါ်ထွန်း စသူတို့ ပါတယ်။

ဦးစိုးသိန်း ဂျီစီဘီအေမှ တွင်းစား ဦးစိုးသိန်း B.A.M.SC အမေရိကန်ပြန်၊ သာယာဝတီ ဦးမောင်မောင် စသူတို့ ပါတယ်။

သတင်းစာ ဆရာကြီးများဖြစ်တဲ့ ဒီးဒုတ်ဦးဘချို၊ဦးပုကလေး စသူတို့ ပါတယ်။

အလယ်တောရဆရာတော်၊ ဗားကရာဆရာတော် စတဲ့ ဘုန်းတော်ကြီးများကလဲ လူပုဂ္ဂိုလ်များနှင့် တန်းတူ ကော်မီတီဝင် အဖြစ် ပါဝင်ကြပါတယ်။

ဗြိတိသျှက ဆိုင်မွန် ကော်မရှင်ခန့်ပြီး စုံစမ်းနေချိန်မှာ မြန်မာပြည်သူတို့က တညီတညွတ်တည်း လိုလားသော အုပ်ချုပ်ရေးမှာ ဒိုမီနီယံ ဟုမ္မရူးလ်ဖြစ်ကြောင်း ဖြေကြားလိုက်ခြင်း ဖြစ်ပါတယ်။

ဗြိတိသျှ ခနသဟာယထဲမှာ ကနေဒါ၊ သြစတြေးလီယားတို့ ကဲ့သို့ တန်းတူ အခွင့်အရေးရလိုကြောင်း လှုံ့ဆော် ဝါဒဖြန့်ကြတယ်။ ပြည်သူတွေကို စည်းရုံးကြတယ်။

ဆိုင်မွန်ကော်မရှင်ဟာ ၁၉၂၈ ခုနှစ်မှာ အင်ဒိယပြည်၊ မြန်မာပြည်တို့ကိုလာပြီး စုံစမ်းစစ်ဆေးပြီးနောက် ငြိမ်နေပါတယ်။

ပြည်သူတွေက သူတို့ လိုလားချက်ကို ဆိုင်မွန်ကော်မရှင် လက်ခံမခံ သိချင်ကြတယ်။ ဘာသံမျှ မကြားရသဖြင့် များစွာ မကျေမနပ် ဖြစ်ကြတယ်။

၁၉၃၀ ပြည့်နှစ် မေလကျတော့မှ စာမျက်နှာ ၇၀၀ ရှိတဲ့ အစီရင်ခံစာကြီး ထွက်လာတော့တယ်။ သို့သော် ခဲလေသမျှ သဲရေကျပါဘဲ။

အင်ဒိယပြည်ရော၊ မြန်မာပြည်ပါ ဒိုမီနီယံ ဟုမ္မရူးလ်နှင့် မတန်သေးကြောင်း၊ ဒိုင်အာခီထက် တဆင့်သာသော အုပ်ချုပ်ရေးမျိုး တီထွင်ပေးအပ်ကြောင်း၊ မြန်မာပြည်ကို အင်ဒိယပြည်မှ ခွဲထုတ်ရမည်ဖြစ်ကြောင်း၊ ခွဲပြီးနောက် အင်ဒိယပြည်မှ ပြည်နယ်တခု၏ အုပ်ချုပ်ရေးထက် အဆင့်မနိမ့်သော အုပ်ချုပ်ရေးမျိုးကို သင့်တော်သောအချိန်၌ တီထွင်ပေးရမည် ဖြစ်ကြောင်း စသည်ဖြင့် အစီရင်ခံစာက ထောက်ခံ တင်ပြထားပါတယ်။

ဒိုမီနီယံ ဟုမ္မရူးလ်တောင်းတဲ့ မြန်မာပြည်သူတွေ ဒိုမီနီယံ ဟုမ္မရူးလ်မပေး။ ဘာကိုမျှလဲ သေသေချာချာ ရေရေရာရာ ကတိ မပေး။အင်ဒိယပြည်မှ မြန်မာပြည်ကို ခွဲပေးမယ်လို့သာ တိကျစွာ ဆိုလိုက်ခြင်း ဖြစ်ပါတယ်။

## ခွဲရေး၊ တွဲရေးနှင့် နယ်ချဲ့ပရိယာယ်

ဗြိတိသျှ နယ်ချဲ့သမားတို့ဟာ လွန်စွာပရိယာယ် ကြွယ်ဝတယ်။ မြန်မာပြည်သူတွေက ညီညွတ်စွာ တောင်းဆိုတဲ့ ဒိုမီနီယံ ဟူမှုရှူးလ်ကို မပေးဘဲ အင်ဒိယပြည်မှ မြန်မာပြည်ကို ခွဲပေးမယ် ဟူသာ ကတိပေးလိုက်ခြင်းဟာ တစ်အချက်အားဖြင့် ခေါင်း ဆောင်အချို့ကို ခွဲထုတ်လိုက်ခြင်း ဖြစ်ပါတယ်။

၂၁ ဦးပါတီနှင့် ကျန် တိုင်းရင်းသား အရင်းရှင်ကိုယ်စား ပြုသော နိုင်ငံရေးသမားတို့ဟာ ခွဲရေးကို ထောက်ခံနေကြပြီး ဖြစ်တယ်။

ဂျီစီဘီအေ ဝံသာနုအဖွဲ့တွေကတော့ ခွဲရေးကို ကန့်ကွက်ပြီး အမျိုးသား ကွန်ဂရက် ခေါင်းဆောင်သော အင်ဒိယပြည်သူ တွေနှင့် ဂျီစီဘီအေ ခေါင်းဆောင်သော မြန်မာပြည်သူတွေ

ပူးတွဲပြီး လွတ်လပ်ရေးတိုက်ပွဲ ဝင်ရမယ်လို့ ကြွေးကြော် ပြောဆို နေကြပြီ ဖြစ်တယ်။

ဒါ့ကြောင့် ဗြိတိသျှ နယ်ချဲ့က ခွဲပေးရန် အသံပြုလိုက်တဲ့ အခါ အမျိုးသား နိုင်ငံရေး အင်အားစုကြားမှာ အင်းဂလိပ်နှင့် ကုလားလက်အောက်မှ ကျရောက်နေတဲ့ မြန်မာများအဖို့ ကုလားလက်အောက်မှ လွတ်မြောက်ရေးဟာ ပထမ လိုအပ် ချက် ဖြစ်တယ်လို့ ထောက်ခံ ပြောဆိုလာကြတယ်။

ဂျီစီဘီအေ ဝံသာနုတွေကြားမှာလဲ တွဲရေးယောင်ယောင်၊ ခွဲရေးယောင်ယောင် သမားတွေ ပေါ်လာတယ်။

ကုလား-ဗမာ ပဋိပက္ခဟာ ရှေ့တန်း တက်လာတယ်။

ဗြိတိသျှ နယ်ချဲ့သမားဟာ မြန်မာပြည်ကို အင်ဒိယပြည်ထဲမှာ ထည့်သွင်းပြီး အုပ်ချုပ်ခဲ့တာဟာ မြန်မာပြည်သူတွေက တောင်းဆိုခဲ့လို့ မဟုတ်ပါဘူး။ သူတို့ရဲ့ နယ်ချဲ့အကျိုးစီးပွားများ အတွက် အင်ဒိယပြည်ထဲကို ထည့်သွင်းထားခဲ့ခြင်း ဖြစ်တယ်။

နယ်ချဲ့စနစ် ခေတ်ကောင်းနေစဉ်၊ နယ်ချဲ့သမား အခြေအနေ တောင့်တင်း ခိုင်မာနေစဉ် ဗြိတိသျှပိုင် အင်ဒိယ အင်ပိုင်ယာ ကြီးကျယ်လေ ကောင်းလေ၊ ဘုရင်ခံချုပ်ကြီးက ဗဟိုမှ ချုပ် ကိုင်လို့ ကောင်းလေ ဖြစ်ပါတယ်။

၁၉၃၀ ပြည့်နှစ် တဝိုက်ကျတော့ နယ်ချဲ့အရင်းရှင်တို့ရဲ့ အင်အားအနေအထားနှင့် ပြည်သူလူထုတို့ရဲ့ အင်အား အနေ အထား အချိုးအစား ပြောင်းသွားပြီ။

နယ်ချဲ့အရင်းရှင်များ အားနည်း လျော့ပါးလာပြီး ပြည်သူ လူထုက အားတက် ကြီးထွားလာတယ်။

နယ်ချဲ့အရင်းရှင်တို့ဟာ စီးပွားရေးကပ်ကြီးရဲ့ဒဏ်ကို ခံစားနေကြရတယ်။ နိုင်ငံရေး အခက်အခဲ အမျိုးမျိုးနှင့် ရင်ဆိုင်နေရတယ်။

အင်ဒိယပြည်နှင့် မြန်မာပြည် ပြည်သူလူထုတို့ဟာ နယ်ချဲ့ဆန့်ကျင်ရေး တိုက်ပွဲများအတွက် တက်ကြွစွာ ပြင်ဆင်နေကြတယ်။

ဒီအချိန်ဒီအခါမယ် စုစည်းအုပ်ချုပ်လို့ မဖြစ်တော့ဘူး။ ခွဲခြမ်းအုပ်ချုပ်ရမယ်။ ဒါကြောင့် အင်ဒိယပြည်မှ မြန်မာပြည်ကို ခွဲလိုက်ရန် ဆိုင်မွန် ကော်မရှင်က ထောက်ခံ တင်ပြခြင်းဖြစ်တယ်။

မြန်မာပြည်ကို အင်ဒိယပြည်နှင့် တွဲထားစဉ်က နယ်ချဲ့အကျိုးစီးပွားအလို့ငှာ ပြုလုပ်ခဲ့ခြင်း ဖြစ်သလို ယခု ခွဲပေးလိုက်ရန် နယ်ချဲ့သမားတို့ အဆိုပြုခြင်းဟာ နယ်ချဲ့ အကျိုးစီးပွားအလို့ငှာ ပြုလုပ်လိုက်ခြင်းသာ ဖြစ်ပါတယ်ဗျာ။

## မကြာမီ ဆက်ပါဦးမည်

သို့ကလို ဆိုင်မွန်ကော်မရှင်က ခွဲပေးလိုက်ရန် ထောက်ခံတင်ပြပြီး ၂၁ ဦးပါတီ စတဲ့ မြန်မာ နိုင်ငံရေး အဖွဲ့အစည်းအချို့က ကျေနပ်စွာ လက်ခံကြသော်လဲ ဂျီစီဘီအေ ဝံသာနုအများစုက လက်မခံကြဘူး။ ကန့်ကွက်ကြတယ်။

ဗြိတိသျှ နယ်ချဲ့သမားဟာ ဒါကို ပြဿနာကြီး လုပ်ပစ်လိုက်ပါတယ်။

မြန်မာပြည်သူတို့ရဲ့ ဆန္ဒယူပွဲကြီး ကျင်းပပြီး အင်ဒိယပြည်နှင့် တွဲနေမည်လား။ အင်ဒိယပြည်မှ ခွဲထွက်မည်လား။ ဆုံးဖြတ်စေမယ်လို့ ဆိုပါတယ်။

ခွဲရေး၊ တွဲရေး ပြည်သူ့ဆန္ဒယူပွဲကြီးကို ၁၉၃၂ ခုနှစ်မှာ ကျင်းပပါတယ်။

ဒီကိစ္စဟာ ၁၉၃၀ ပြည့်နှစ် တဝိုက် မြန်မာ နိုင်ငံရေးသမိုင်း ဘောင်နှင့် အကျုံးဝင်သလောက်သာ ဝင်ပြီး ဘောင်အပြင် ရောက်တာက များနေတယ်။

၁၉၃၀ ပြည့်နှစ်တဝိုက် မြန်မာနိုင်ငံရေးသမိုင်းအကြောင်း ဟောပြောစဉ်က ၁၉၂၈- ၂၉- ၃၀- ၃၁- ၃၂ များက အကြောင်းများကို ဟောရန် ရည်ရွယ်ခဲ့တယ်။ ဟောဘို့ ပြင်ဆင် လိုက်တဲ့အခါကျတော့ ပြောစရာ ဟောစရာ အများအပြား တွေ့ရတယ်။

တကယ် ဟောလိုက် ပြောလိုက်တော့ ပရိသတ်ရဲ့ အချိန်ကိုလဲ ထောက်ထားရတယ်။ ကိုယ့်အသံကိုလဲ ထောက်ထားရတယ်။ ဒါကြောင့် ၁၉၃၀ ပြည့်နှစ်ထိသာ ဟောပြော နိုင်ခဲ့ပါ တယ်။

တခါ ၁၉၃၀ ပြည့်နှစ်ဟာ သမိုင်းမှာ လွန်စွာ ထူးခြားတဲ့ နှစ် ဖြစ်တယ်။

ကုလား-ဗမာ အဓိကရုဏ်း ဖြစ်တယ်။
တို့ဗမာ အစည်းအရုံး ပေါ်တယ်။
ပထမဆုံး မြန်မာ ဘုရင်ခံ ပေါ်တယ်။
ဂဠုန် ဆရာစံသူပုန် ဖြစ်ပေါ်တယ်။

ဒီ သမိုင်းဝင် ဖြစ်ရပ်တွေဟာ ၁၉၃၀ ပြည့်နှစ်မတိုင်မီ သုံးလေးနှစ် နိုင်ငံရေးသမိုင်းနှင့် ခွဲမရအောင် ဆက်စပ်နေတယ်။

အဲဒီသုံးလေးနှစ် နိုင်ငံရေးသမိုင်းဟာ ကုလား-ဗမာ အဓိကရုဏ်း၊ တို့ဗမာအစည်းအရုံး၊ ဆရာစံသူပုန် စတဲ့ ဖြစ်ရပ်များရဲ့ နောက်ခံ ကားချပ် ဖြစ်ပါတယ်။

[ကျွန်တော်ဟာ နောက်ခံကားချပ်ကို ဟောပြောရင်း ၂ နာရီနီးပါး ကြာသွားခဲ့ပါတယ်။ ဟောပြောချက် ပြန်ရေးချတော့ ဆောင်းပါးတွေ အတော်များသွားပြန်ပါတယ်။ ၂ နာရီထက် ပိုမဟောနိုင်လို့ တရားပွဲရပ်လိုက်ရသလို ပြန်ရေးသားချက်ကိုလဲ ဒီမျှနှင့် ရပ်လိုက်ပါဦးမယ်။ နောက် ဆက်ဟောပြောရန် မရည်ရွယ်သော်လဲ ဒီကိစ္စနှင့်ပတ်သက်၍ မကြာမီ ဆက်ပြီး ဆောင်းပါးနှစ်ပုဒ် သုံးပုဒ်တော့ ရေးပါဦးမယ်။

ကျွန်တော်ဟာ ၁၉၃၀ ပြည့်နှစ်တဝိုက် မြန်မာနိုင်ငံရေးသမိုင်း ဆောင်းပါးများကို ၁၈-၈-၆၉ မှစပြီး ၂၇-၈-၆၉ အထိ ရေးသားခဲ့ပါတယ်။ အခြားကိစ္စတွေ ဝင်လာလို့ ခဏရပ်ထားလိုက်ပြီး နောက်မကြာမီ ဆောင်းပါး ၂ပုဒ်၃ပုဒ်လောက် ဆက်ရေးပါဦးမယ်လို့ ဆိုခဲ့ပါတယ်။

ပြီးခဲ့တဲ့ ဆောင်းပါးတွေဟာ ၁၉၃၀ ပြည့်နှစ်မှာ ဖြစ်ပျက်ခဲ့တဲ့ အဖြစ်အပျက်ကြီးများရဲ့ နောက်ခံကားချပ်သဖွယ် ဖြစ်ပါတယ်။ ခု အဲဒီ အဖြစ်အပျက်ကြီးများနှင့် နောက်ခံ ကားချပ် ဆက်စပ်ပေးပါရစေ။]

# ကုလားဗမာ အဓိကရုဏ်း

၁၉၃၀ ပြည့်နှစ်တဝိုက်က အရင်းရှင် နိုင်ငံကြီးများမှာ စီးပွားရေးကပ်ကြီး ဆိုက်ရောက်ခဲ့တယ်။

အရင်းရှင်နိုင်ငံကြီးတွေဟာ ဆိုက်ရောက်လာတဲ့ စီးပွားရေးကပ်ကြီးကို စစ်မက် လက်နက် ထုတ်လုပ်ပြင်ဆင်ခြင်းနှင့် စီးပွားရေးကပ်ရဲ့ ဝန်ထုပ်ဝန်ပိုးကို မိမိတို့တိုင်းပြည်မှ အလုပ်သမားများနှင့် မိမိတို့ အုပ်စိုး ညှဉ်းပန်းထားသော ကိုလိုနီနှင့် ကိုလိုနီတပိုင်း နိုင်ငံများမှ လုပ်သားပြည်သူတွေရဲ့ ပခုံးပေါ်ကို လွှဲပြောင်းပစ်ချခြင်းဖြင့် ဖြေရှင်းရန် ကြိုးစားကြတယ်။

ဒီပေါ်လစီရဲ့ဒဏ်ကို မြန်မာပြည်မှာရှိနေတဲ့ လုပ်သားပြည်သူတွေ တိုက်ရိုက် ခံစားခဲ့ရတယ်။

အင်္ဂလန်ရဲ့ စီးပွားရေး အခြေအနေက ဆင်ပိန် ကျဲလောက်တော့ ရှိပါသေးတယ်။ မြန်မာပြည်ရဲ့ စီးပွားရေး အခြေအနေကတော့ ဆိတ်ပိန်လောက် ဖြစ်သွားပါတယ်။

အဲဒီတုန်းက မြန်မာပြည်မှာ အလုပ်သမား လူတန်းစားဟာ ကုလားများသာ များတယ်။ စီးပွားရေးကပ်ဟာ ကုလားအလုပ်သမားတွေကို များစွာ ဖိစီးတယ်။

ကုလားအလုပ်သမားတွေဟာ အင်ဒိယပြည်မှ အလုပ်သမားတွေနှင့်အတူ နိုင်ငံရေးနိုးကြားမှုနှင့် စည်းရုံးရေးလဲ အတော်ရှိတယ်။ ဒါ့ကြောင့် ဆူပူ လှုပ်ရှားကြတယ်။ သပိတ် လက်နက်ကို သုံးတတ်နေရာမှာ သုံးကြတယ်။

ကမ္ဘာ့စီးပွားရေး ကပ်ကြီးကို အကြောင်းပြုပြီး အင်းဂလိပ်ကုမ္ပဏီကြီးများဟာ ဆန်စပါးနှင့် အခြား သီးနှံ ဈေးတွေကို မတန်တဆ ချပစ်လိုက်တယ်။

ဒါ့ကြောင့် တောင်သူလယ်သမားတွေ အရှုံးကြီးရှုံးပြီး ကျပ်တည်း ဆင်းရဲကုန်တယ်။ မြေတွေယာတွေကို ချစ်တီးနှင့် အခြားငွေတိုး ချေးစားသမားများလက်သို့ ထိုးအပ်ကြရတယ်။ မြေမဲ့ယာမဲ့ ကူလီများနှင့် အခြား ဆင်းရဲသားများဟာ ကျေးလက်အလုပ်လက်မဲ့များ ဖြစ်ကုန်တယ်။

ဒါ့ကြောင့် မြို့တက်ပြီး အသက်မွေးမှု အလုပ်ရှာကြတယ်။

၁၂၉၂ ခုနှစ် ကဆုန်လဆန်း ၁၁ ရက်နေ့၊ ၁၉၃၀ ပြည့်နှစ် မေလ ၇ ရက်နေ့မှာ အင်းဂလိပ်ပိုင် စတီဗီဒိုးယင်း ကုမ္ပဏီများမှာ ပင်လယ်ကူး သင်းဘော ကုန်တင်ကုန်ချ အလုပ်လုပ်နေကြတဲ့ ဂေါ်ရင်ဂျီ ကုလားအလုပ်သမား ၂၀၀၀ တို့ဟာ သပိတ် မှောက်လိုက်ကြတယ်။

တနေ့ ၁ ကျပ် ၈ ပဲ(တကျပ် ပြား ၅၀)ရနေခြင်းကို မကျေ နပ်ဖူး။ တနေ့ ၂ ကျပ်နှုန်း ပေးရမယ်လို့ တောင်းဆိုပြီး တိုက်ပွဲ ဝင်ကြခြင်းပါပဲ။

အင်းဂလိပ် သဌေးတွေဟာ ဂေါ်ရင်ဂျီကုလား အလုပ် သမားတွေရဲ့ တရားမျှတတဲ့ လိုလားချက်များကို လုံးဝ မလိုက် လျောဘဲ လူစားထိုးခိုင်းရန်သာ စီစဉ်ကြပါတယ်။

အဲဒီအချိန်အခါမှာ မြို့တက် အလုပ်ရှာနေကြတဲ့ ကျေးလက် အလုပ်လက်မဲ့များကို တွေ့ပြီး ဂေါ်ရင်ဂျီ ကုလားကူလီများ နေရာမှာ ခန့်ထားလိုက်ပါတယ်။

တကယ်ကတော့ အင်းဂလိပ် သဌေးတွေဟာ မြန်မာဆင်းရဲ သားတွေက ကုလားဆင်းရဲသားတွေကို အချင်းချင်း သစ္စာ ဖောက်အောင် လှည့်စားလိုက်ခြင်း ဖြစ်ပါတယ်။

စီးပွားရေးကပ်ကြီးရဲ့ ဒဏ်ရာဒဏ်ချက်ကို ခံနေရတဲ့ ဗမာ ဆင်းရဲသားတွေဟာ သစ္စာဖောက်ဖြစ်နေတယ်လို့ပင် မိမိကိုယ် ကို မိမိ မသိနိုင်တော့ဘဲ ကူလီဝင်လုပ်ကြရခြင်း ဖြစ်ပါတယ်။

ဂေါ်ရင်ဂျီ ကူလီတွေဟာလဲ သပိတ်ကို ကြာရှည် တောင့် မထားနိုင်တော့ဘူး။ အင်းဂလိပ် ကုမ္ပဏီများနှင့် စေ့စပ်ကြရ တော့တယ်။

တနေ့ ၂ ကျပ် ပေးရမယ်ဆိုတဲ့ မူလ တောင်းဆိုချက်ကို လျှော့ပြီး ၁ ကျပ် ၁၂ ပဲ(တကျပ် ၇၅ ပြား)နှုန်းဖြင့် လုပ်ရန် သဘောတူရပါတော့တယ်။

သပိတ်မှောက် ကုလားများအစား ဝင်လုပ်နေကြတဲ့ မြန်မာ ကူလီများနှင့် သပိတ်လှန်ပြီး အလုပ်ပြန်ဆင်းလာတဲ့ ဂေါ်ရင်ဂျီ ကုလား ကူလီများ ပဋိပက္ခဖြစ်တော့တာပါဘဲ။ ရိုက်ကြ နှက်ကြ ဖြစ်ကုန်တော့တာပါဘဲ။

၁၉၃၀ ပြည့်နှစ် မေလ ၂၆ ရက်နေ့မှာ ကုလား ဗမာ အဓိကရုဏ်း စပြီး ဖြစ်ပွားပါတယ်။

အဲဒီ အချိန်တုန်းက လူမျိုးရေး လူမှုရေးအရ ပြောပြော၊ *စီးပွားရေးအရ* ပြောပြော အင်းဂလိပ်က ထိပ်ဆုံးမှာ ရှိပါတယ်။ ပြီးတော့ ကုလား၊ ပြီးတော့ တရုပ်။

နောက်ပိတ်ဆုံးမှာသာ ဗမာရှိပါတယ်။

အင်းဂလိပ်နယ်ချဲ့သမားဟာ ဗမာပြည်ကို ကုလားစစ်သားတွေနှင့် တိုက်ခိုက် သိမ်းပိုက်ခဲ့တယ်။

ကုလား ကုန်သည် ပွဲစားများကို ကွန်ပရာဒို ထားပြီး ဗမာ့ စီးပွားရေးကို လက်ဝါးကြီးအုပ်ပါတယ်။

*ကုလားအရာရှိ၊ ကုလားမင်းစေ၊ ကုလားအရာထမ်း* အမှုထမ်း တွေကို အမာခံ အင်အားထားပြီး ဗြိုရိုကရေစီ ယန္တရားကြီးကို ခုတ်မောင်းပါတယ်။

စက်ရုံ အလုပ်ရုံနှင့် သယ်ယူပို့ဆောင်ရေး လုပ်ငန်းများမှာ ကုလားအလုပ်သမားတွေ လွှမ်းပါတယ်။

ဒါ့ကြောင့် ဗမာ အများအပြားမှာ ကုလားများအပေါ် မကျေနပ်တဲ့စိတ်၊ ကုလား မုန်းတီးရေးစိတ် ကိန်းအောင်းနေတယ်။

ဒီအချိန်မှာ ပင်လယ်ကူး သင်းဘော ကုန်တင် ကုန်ချ ဂေါ်ရင်ဂျီ ကုလား အလုပ်သမား ၂၀၀၀ ကျော်က ဗမာ အလုပ်သမား ၅၀၀ ကျော်ကို ဝိုင်းရိုက်တယ်ဆိုတဲ့ သတင်းဟာ ရန်ကုန်တမြို့လုံးမှာ တမုဟုတ်ချင်း ပျံ့နှံ့သွားပြီး ကုလား ဗမာ အဓိကရုဏ်းမီးကို ရှို့ပေးလိုက်ပါတယ်။

ဂေါ်ရင်ဂျီများနှင့်သာမက အခြား ကုလားများနှင့်ပါ အချင်းဖြစ်ပွားကုန်ပါတယ်။

ရန်ကုန်မှာတင်မက တပြည်လုံး မြို့ကြီး၊ မြို့ကလေးများသို့ ပျံ့နှံ့သွားပါတယ်။

အင်းဂလိပ်နယ်ချဲ့ဟာ စီးပွားရေးကပ်ကြောင့် ဒုက္ခရောက်ကြရတဲ့ ကုလား ဗမာ လုပ်သားပြည်သူတွေရဲ့ ဒေါသကို သူတို့ဘက် မလာအောင် ကုလား ဗမာ အချင်းချင်း ပဋိပက္ခဖြစ်ရေးသို့ လမ်းလွှဲပေးလိုက်ခြင်းသာ ဖြစ်ပါတယ်။

မှန်ကန်သော၊ တရားသော နယ်ချဲ့ဆန့်ကျင်ရေး ဒေါသကို မတရားသော၊ မမှန်ကန်သော ကုလား ဗမာ အဓိကရုဏ်း ဒေါသအဖြစ်သို့ ပြောင်းလဲပေးလိုက်ခြင်း ဖြစ်ပါတယ်။

ဒီ အဓိကရုဏ်းမှာ ကုလား ၂၅၀ နှင့် မြန်မာ အနည်းငယ် သေခဲ့ပါတယ်။

နယ်ချဲ့သမားတွေရဲ့ ဒီရာဇဝတ်မှုကို သုတေသန ပြုကြရင် ထိုစဉ်က မြန်မာပြည်မှာ ရှိနေတဲ့ အင်းဂလိပ်အရင်းရှင်များနှင့် အင်းဂလိပ် အရာရှိများ၊ ပုလိပ်များ တမင်ကလာ လုပ်ကြံပုံ သက်သေ အထောက်အထားများ တွေ့နိုင်ကြမည်ဖြစ်တယ်ဗျာ။

နိုင်ငံရေးနိုးကြားတဲ့ မြန်မာ အများအပြားဟာ ကုလား ဗမာ အဓိကရုဏ်းကို မလိုလားကြပါဘူး။

နိုင်ငံရေးနိုးကြားတဲ့ ကုလားအများအပြားကလဲ အဓိကရုဏ်း ကို မလိုလားကြပါဘူး။

ကုလားနှင့် မြန်မာ နိုင်ငံရေးခေါင်းဆောင်များ၊ မြို့မိမြို့ဘ များ၊ ရန်ကုန်မြို့ပေါ်က သာခုဆရာတော်၊ဗားကရာဆရာတော်၊ အလုံ ဇေတဝနာရာမဆရာတော် စတဲ့ သံဃာတော်များဟာ အဓိကရုဏ်း ပြေငြိမ်းအောင် ဆောင်ရွက်ခဲ့ကြတယ်။

ဒါကြောင့် ရက်အတန်ကြာတော့ ငြိမ်းအေးသွားပါတယ် ဗျာ။

## တို့ဗမာအစည်းအရုံး စတင် တည်ထောင်ခြင်း

စီးပွားရေးကပ်ကြီးနှင့် နယ်ချဲ့သမားရဲ့ပေါ်လစီများကြောင့် ကုလား ဗမာ အဓိကရုဏ်း ဖြစ်ပေါ်ခဲ့ကြောင်း ထင်ရှားပါတယ်။

ကုလား ဗမာ အဓိကရုဏ်းဟာ ကုလား ဗမာ လုပ်သားပြည်သူတို့ရဲ့ နယ်ချဲ့ဆန့်ကျင်ရေး ပူးတွဲတိုက်ပွဲအတွက် အကျိုးယုတ်တာလဲ မှန်ပါတယ်။

သို့သော် သမိုင်းဆိုတာ အဆန်းသားဘဲ။ နယ်ချဲ့ အရင်းရှင်တွေက ဗမာ့စီးပွားရေးကို ချယ်လှယ်နိုင်ရန် မီးရထားလမ်းတွေကို ဖောက်လုပ်တယ်။ မီးရထားလမ်းတွေကြောင့် ဗမာတွေဟာ ပိုမို ထိရောက်စွာ သွေးစုတ်ခံရတာ မှန်တယ်။

သို့သော် ဗမာတွေဟာ မီးရထားကြောင့် ခေတ်မှီ တိုးတက်သွားတယ်။ မီးရထား အလုပ်သမားတွေ ပေါ်လာပြီး နယ်ချဲ့ဆန့်ကျင်ရေးတိုက်ပွဲမှာ တပ်ဦးက ပါဝင်ဆင်နွှဲတဲ့ အင်အားသစ်တရပ် ဖြစ်လာတယ်။

ဒါက နယ်ချဲ့သမားက မြှော်လင့်မထားတဲ့ ရလဒ်။ ဗမာတွေအဖို့တော့ အမြတ်ဖြစ်ပါတယ်။

ထိုနည်းအတူပဲ၊ ကုလား ဗမာ အဓိကရုဏ်းကြောင့် နယ်ချဲ့သမားတွေ မြှော်လင့်မထားတဲ့ ဗမာတွေအတွက်တော့ အမြတ်ဖြစ်တဲ့ ရလဒ်တခု ဖြစ်ပေါ်ခဲ့ပါတယ်။

'တို့ဗမာ'ဆိုတဲ့ အမျိုးသားစိတ်ဓာတ်ပါ။

ဗမာတွေဟာ ဗမာပြည်မှာ နေကြရသော်လဲ သခင်မဟုတ်။ ကျွန်ပင် မဟုတ်။ သဘောက်ဖြစ်နေကြတယ်။

ကုလားက ကျွန်၊ ဗမာက ကျွန်ရဲ့ ကျွန်၊ သဘောက်လို့ သဘောပေါက်လာကြတယ်။ အဖြင်အပျက်ကို အထူး နာကျည်းလာကြတယ်။

အလုပ်အကိုင်မှာ ဗမာတွေ အောက်ကျ နောက်ကျ၊ စီးပွားရေးမှာ ဗမာတွေ အောက်ကျ နောက်ကျ၊ ယဉ်ကျေးမှုအရဆိုရင်လဲ ကိုယ့်ဘာသာစကားဟာ အောက်ကျ နောက်ကျ။ အင်္ဂလိပ်စကား၊ ကုလားစကားတို့က လူရာဝင်တယ်။

ရန်ကုန်မြို့မှာဆိုရင် သွားချင် လာချင်၊ ဆိုင်ဝင် စားချင်၊ ဝယ်ချင်ရင် ကုလားစကား ပြောတတ်မှ ဖြစ်တယ်။ တို့ဗမာတွေ ခေလှချေကလား။

သို့ပေမယ့် တခါတုန်းက တို့ဗမာတွေ ဒီလို မဟုတ်ဖူး။ ကုလားရဲ့ ကျွန်၊ အင်းဂလိပ်ရဲ့ သဘောက် မဟုတ်ဖူး။ ကိုယ့်မင်း ကိုယ့်ချင်းနှင့် နေခဲ့ရတယ်။

အဲဒီတုန်းက တို့ဗမာတွေဟာ ယိုးဒယားနှင့် ကုလားကိုပါ နိုင်ခဲ့ဘူးသေးတယ်။ ဒီလို အားတင်းလိုက်တယ်။

ကုလား ဗမာ အဓိကရုဏ်း အေးငြိမ်းသွားသော်လဲ 'တို့ဗမာ' အမျိုးသားစိတ်က အေးငြိမ်းမသွားဘူး။

ကုလား ဗမာ အဓိကရုဏ်းကို အကြောင်းပြုပြီး ဗိုလ်တထောင် အားကစားကွင်းထဲမှာ မြန်မာ လူငယ်များ အစည်း အဝေး တရပ် ကျင်းပကြတယ်။ 'တို့ဗမာ' 'တို့ဗမာ' 'တို့ဗမာ'လို့ အော်၊ လက်သီးလက်ရုံးတန်းပြီး ဆန္ဒပြကြတယ်။

တို့ဗမာဆိုတဲ့ ကြွေးကြော်သံဟာ ရန်ကုန်မြို့ တမြို့လုံး ပျံ့နှံ့သွားတယ်။ နောက် မကြာမီ မြန်မာပြည် တပြည်လုံးကို ကူးစက်ပဲ့တင်ခတ်သွားတယ်။

'တို့ဗမာ'အမျိုးသားရေး လှုပ်ရှားမှုဟာ စလျှင် စချင်း အဖွဲ့ အစည်း မရှိသေးဘူး။

နိုင်ငံပြု စာစုအမှတ် (၁) ဆိုတာကို ပုံနှိပ်ထုတ်ဝေကြတော့မှ 'တို့ဗမာ'နှင့်'အစည်းအရုံး'ကို ပထမဆုံးအကြိမ် တွဲဖက်အသုံး ပြုလိုက်တယ်။

အစည်းအရုံးအမည်ကို သုံးလိုက်သော်လဲ စနစ်တကျ ဖွဲ့စည်းထားတဲ့ အဖွဲ့အစည်း မရှိသေးဘူး။ သခင် ဗသောင်း၊ သခင်လှဘော် စသူတို့ ခေါင်းဆောင်တဲ့ လူငယ်တစုက စလိုက်တဲ့ လှုပ်ရှားမှုတရပ်သာ ဖြစ်ပါတယ်။

တို့ဗမာအစည်းအရုံး အမည်ခံပြီး ရေးသားထုတ်ဝေလိုက်တဲ့ နိုင်ငံပြု စာစုအမှတ် (၁)ကို အောက်ပါအတိုင်း ခေါင်းစီးထိုးထားတယ်။

**၁၂၉၂ ခုနှစ် ကဆုန်လကွယ်နေ့တွင် ဂေါရင်ဂျီ ကုလားများနှင့် နောက်နေ့များတွင် ကျူလျာ ကုလားတို့က အကြောင်းမဲ့ ဗမာတို့ကို စော်ကားသည့်အရေး၌ ခုခံ ကာကွယ်ရာတွင် အသက် ဆုံးရှုံးရသူတို့နှင့် ဒဏ်ရာရရှိသူ ငါတို့ဗမာများအတွက် အထိမ်းအမှတ် ဖြစ်စေရန် ရေးသားအပ်သော တို့ဗမာ စာတန်း။**

စာတန်းရဲ့ခေါင်းစီးက တို့ဗမာလှုပ်ရှားမှုဟာ ကျဉ်းမြောင်းသော လူမျိုးရေးဝါဒဖြင့် ပွဲဦးထွက်ခဲ့ကြောင်း ပြလိုက်တယ်။

'အကြောင်းမဲ့ ဗမာတို့ကို စော်ကားသည့်အရေး' ဟု ဖော်ပြလိုက်ခြင်းဖြင့် ကုလား-ဗမာ အဓိကရုဏ်းရဲ့ အတွင်းသရုပ်ဖြစ်တဲ့ စီးပွားရေးကပ်ကြီးနှင့် နယ်ချဲ့ အရင်းရှင် ပေါ်လစီကို ပမာနလက်သည်အဖြစ်ဖြင့် မြင်နိုင်စွမ်းမရှိကြောင်း ထင်ရှားတယ်။

ဒါပေမယ့် တို့ဗမာ အမျိုးသားရေးဝါဒဟာ သူ့ခေတ်သူ့အခါမှာ တိုးတက်သော သဘောကို ဆောင်တယ်။

ဗမာပြည်သည် တို့ပြည်၊
ဗမာစာသည် တို့စာ၊
ဗမာစကားသည် တို့စကား၊
ဗမာပြည်ကို ချစ်ပါ၊
ဗမာစာကို ချီးမြှင့်ပါ၊
ဗမာစကားကို လေးစားပါ၊

ဆိုတဲ့ ဆောင်ပုဒ်ဟာ ကုလားဆန့်ကျင်ရေး ဆောင်ပုဒ်များ ဖြစ်ရုံမက အင်းဂလိပ် ဆန့်ကျင်ရေးလဲ ဖြစ်နေတယ်။

မျိုးချစ်ပြည်ချစ်စိတ် တိုးပွားစေတယ်။ နယ်ချဲ့ ဆန့်ကျင်ရေး တော်လှန်ရေး၊အမျိုးသား ယဉ်ကျေးမှု တော်လှန်ရေးတို့အတွက် စည်းရုံး လှုံ့ဆော်သော ဆောင်ပုဒ်များ ဖြစ်လာတယ်။

နိုင်ငံပြု စာစုအမှတ် (၁)မှ စီးပွားရေး ကြွေးကြော်သံများ နှင့် လှုံ့ဆော်ချက်များကိုလဲ ကြည့်ပါဦး။

"ဗမာဆိုင်များ တည်ကြကုန်လော့"

"ဗမာဆိုင်၌ ဝယ်ကြကုန်လော့"

ဒီ ကြွေးကြော်သံများဟာ တပြည်လုံး အနှံ့အပြား ဆိုင် တည်ပြီး ဖောက်ကား ရောင်းဝယ် အမြတ်ထုတ်နေကြတဲ့ ကုလား များကို ဆန့်ကျင်တဲ့ ကြွေးကြော်သံများသာ ဖြစ်တယ်။

"ဖိတ်ချင်းဖိတ် ကိုယ့်အိတ်ထဲ ဖိတ်ကြလေလော့။ ဗမာဆိုင် များကလည်း ပေါက်စျေးထက် ပို၍ မရောင်းကြပါနှင့်။ဝယ်သူ

ဗမာများကလည်း ဈေးတူကုန်တူလျှင် ကိုယ့်ဗမာအချင်းချင်း ဆိုင်မှ ဝယ်ကြပါ။

"စီးပွားရှိမှ အားရှိမည်။ ငါတို့ဗမာနိုင်ငံတွင် ငါတို့ ဗမာလူမျိုးသာ လွှမ်းမိုးထိုက်သည်။ ကိုယ့်ပြည် ကိုယ့်မြေတွင် ထင်းခွေ ရေခပ်အဖြစ်နှင့် မနေချင်ကြပါနှင့်။ စီးပွားရေးတွင် နိုင်ငံခြားသားတို့ လွှမ်းမိုးနေသမျှ တို့ဗမာ တန်ခိုးထွက်နိုင်မည် မဟုတ်။

"အရောင်းအဝယ် အလုပ်မှာ အသင်တို့ ငါတို့ဗမာများ လျစ်လျူရှုထားခဲ့သော အရေးဖြစ်သဖြင့် ယခုမှစ၍ လုပ်ဆောင်ကြရာတွင် အခက်အခဲ အမျိုးမျိုးနှင့် တွေ့ကြုံရပေလိမ့်မည်။ သို့ရာတွင် ထိုသို့တွေ့ကြုံရမည့် အခက်အခဲ အမျိုးမျိုးကို အရှုံးမပေးကြပါနှင့်။ တို့ဗမာများလည်း အလုပ်ကို အလုပ်နှင့် တူအောင် လုပ်တတ်အောင် ပြုကြပါ။ အားနာမှု၊ အကြွေးချမှု၊ သင့်ငွေးကုန်ရောင်း သွေးကြီးမှုများကိုလည်း ရှောင်ကြပါ။ ရောင်းသူနှင့် ဝယ်သူတို့ အချင်းချင်း ယဉ်ယဉ်ကျေးကျေး ဆက်ဆံတတ်အောင် လေ့လာကြပါ။ ဗမာပြည်သည် ဗမာတို့ဆိုသော စကားကိုလည်း အမြဲ သတိရပါ။ တို့ဗမာဆိုသော စိတ်ကိုလည်း အမြဲနှလုံးသွင်းပါ"

ဒီ လှုံ့ဆော်ချက်တွေဟာ အင်းဂလိပ်၊ ကုလား၊ တရုပ်ကုန်သည် ဈေးသည် ဆိုင်ရှင်များနေရာမှာ ဝင်ရန် ကြိုးစားနေတဲ့ ဗမာအရင်းရှင်ပေါက်စ (ဝါ) တိုင်းရင်းသားအရင်းရှင်ရဲ့ လှုံ့ဆော်ချက်တွေ ဖြစ်ပါတယ်။ 'တို့ဗမာ' လှုပ်ရှား ဖွဲ့စည်းမှုဟာ တိုင်းရင်းသား အရင်းရှင် လူမျိုးရေးဝါဒအဖြစ်ဖြင့် သမိုင်းဝင်ခဲ့ပါတယ်။

# 'တို့ဗမာအစည်းအရုံးစတင်တည်ထောင်ခြင်း

နိုင်ငံပြု စာစုအမှတ်(၁)က အထူးအလေးအနက်ပြုလိုက်တဲ့ အချက် တချက်ကတော့ ကျဉ်းမြောင်းတဲ့ ဒေသစိတ် ပယ်ပြီး ကျယ်ပြန့်တဲ့ နိုင်ငံစိတ် မွေးမြူကြရန် ဖြစ်ပါတယ်။

ကိုယ့်အိမ်ကိုမှ ကိုယ်သိတတ်ပြီး ကိုယ့်အိမ်ကိုသာ ကာကွယ်စောင့်ရှောက်တတ်ခြင်း၊ ကိုယ့်ရပ်ကိုမှ ကိုယ်သိတတ်ပြီး ကိုယ့်ရပ်ကိုသာ ကာကွယ်စောင့်ရှောက်တတ်ခြင်း၊ ကိုယ့်ရွာကိုမှ ကိုယ် သိတတ်ပြီး ကိုယ့်ရွာကိုသာ ကာကွယ်တတ်ခြင်းစတဲ့ ဒေသစိတ်ဟာ အကျင့်ဆိုးကလေးတွေ ဖြစ်တယ်။

ထိုအကျင့်ဆိုးကလေးတွေကို ပယ်ဖျောက်ပြီး ‘မြစ်ကြီးနားမှ ထားဝယ်အရောက် ဖြစ်သော ငါတို့ဗမာပြည် တဝှန်းလုံးကို

ငါတို့ပြည်၊ ငါတို့မြေ၊ ငါတို့အိမ်၊ ငါတို့ယာဟု မှတ်ထား၍ ချစ်ကုန်ကြ၊ စောင့်ရှောက်ကြပါကုန်။

'သို့မှသာ ငါတို့သည် ကမ္ဘာပေါ်တွင် ယဉ်ကျေးသည် ဆိုသော တိုင်းကြီးနိုင်ငံကြီးသားတို့နှင့် ရင်ပေါင်တန်း နေနိုင်၍ လူစာရင်း ပေါက်ပါလိမ့်မည်' လို့ နှိုးဆော်ထားတယ်။

လူများတွေက အရေးကြုံရင် ကိုယ့်အိမ်ကိုမှ ကိုယ့်အိမ်မှတ်ပြီး ကိုယ့်အိမ်ထဲမှာသာ နေကာ စောင့်ရှောက် ကာကွယ်နေကြသူတွေကို လူလိမ်မာလို့ ခေါ်နေကြတယ်။

ကိုယ့်အိမ် အပြင်ထွက်ပြီး၊ လမ်းတကာလျှောက်ပြီး၊ နေရာတကာ သွားပြီး ရန်သူကို ခုခံတိုက်ခိုက်သူ၊ ကာကွယ် စောင့်ရှောက်သူကို လူမိုက်လို့ ခေါ်နေကြတယ်။

တို့ဗမာအစည်းအရုံးကတော့ လူမိုက်များကိုသာ အလိုရှိတယ်၊လူမိုက်များကိုသာ ဂုဏ်ပြုတယ်၊ လူမိုက်များကိုသာ စုစည်းလိုတယ် စသည်ဖြင့် ကျေညာလိုက်ပါတယ်။

ကုလား ဗမာအဓိကရုဏ်းဖြစ်ပြီး တလကျော်ကျော်လောက်ကြာတော့ သခင်ဗသောင်း၊ သခင်လှဘော်စတဲ့ တို့ဗမာ အစည်းအရုံး စတင် တည်ထောင်သူတွေဟာ ဝိုင်အမ်တီ ဆရာတင်နှင့် ပေါင်းမိပြီး တို့ဗမာသီချင်းကို ရေးသားစပ်ဆိုလိုက်ကြတယ်။

နောင် ဥဒါန်းမကျေအောင် ရာဇဝင် တင်ထားတဲ့ ကမ္ဘာ တခွင်မှာ အထင်အရှားဖြစ်တဲ့ တို့ဗမာတွေ'တို့ခေတ်မှာမှ ညှို့ကြ တော့မှာလား၊ တို့ဗမာမဟုတ်ဖူးလား' စသည်ဖြင့် သွေးထိုးလိုက် တယ်။

'တို့ဗမာ၊ ငါတို့ဗမာ၊ ယောက်ကျား ဘသား တို့ဗမာ၊သခင် မျိုးဟေ့ တို့ဗမာ'လို့ လက်ပန်းပေါက်ခတ် ကြုံးဝါးလိုက်တယ်။

'ဒါ တို့ပြည်၊ ဒါ တို့မြေ၊ ဒါ ငါတို့ပြည်'လို့ တောင်းဆို လိုက်တယ်။

'တို့ဗမာပြည်ကို တိုင်းရင်းသားကုန်စင် တို့ပြည်လို့မှတ်ထင်' ပြီး ကာကွယ်စောင့်ရှောက်ကြပါလို့ တိုက်တွန်းလိုက်တယ်။

'အမျိုးသားရေး ကြိုးပမ်းကြပါ။ တို့ဗမာဟေ့ တို့ဗမာ၊ ခြေဘ် အမျိုးသားရေး ကြိုးပမ်းကြပါ။ တို့ဗမာ၊ အရှေ့က နေဝန်းထွက်သည့်ပမာပ၊ တို့ခေတ်ကိုသာ ရောက်ရမည်မှာ မလွဲ ပါ။ တို့ဗမာဟေ့ တို့ဗမာ' လို့ မြွှော်လင့်ချက် လင်းရောင်ဦး ပေးလိုက်ပါတယ်။

တို့ဗမာသီချင်းကို ၁၉၃၂ ခု ဝါဆိုလဆုတ် ၁၁ ရက် တနင်္ဂနွေနေ့ညနေ ငါးနာရီတွင် ရွှေတိဂုံကုန်းတော် အနောက် မြောက်ဒေါင့် ဦးစံထွန်း ဒေါ်နှစ် ဇရပ်မှာ အခမ်းအနားနှင့် စတင် သီဆိုပါတယ်။

၂၀၊၇၊၃၀ သူရိယသတင်းစာမှာ သီချင်း စာသားကို တရက် ကြိုတင်ပြီး ဖော်ပြခဲ့တယ်။

အခမ်းအနားနှင့် သီဆိုတဲ့နေ့မှာ သခင်ဗသောင်းက နိဒါန်း စကား ပြောတယ်။ ဝိုင်အမ်ဘီ ဆရာတင်ကိုယ်တိုင် သီဆိုတယ်။

လူတွေကိုလှုံ့ဆော်စည်းရုံးရာမှာ အထက်မြက်ဆုံး သီချင်း ဖြစ်ပါတယ်။

ဒီနေရာမှာဘဲ နောက်ထပ် လူစုလူဝေးနှင့် အကြိမ်ကြိမ် ဆိုတယ်။ အခြားနေရာတွေကိုလဲ သွားပြီး လူစုလူဝေးရှေ့မှာ သီဆိုပြကြတယ်။

ဟိုကဖိတ်ကြ၊ သည်ကဖိတ်ကြကိုး။

သီချင်းကျက်လိုသူတွေ၊ တီးလုံးတိုက်လိုသူတွေကလဲ တို့ဗမာ အစည်းအရုံးတည်ရာ ဗဟန်းရေတာရှည်လမ်း ခြံအမှတ် ၃၃ ကို လာကြတယ်။

တို့ဗမာသီချင်း တီးမှုတ်သီဆိုပွဲများဟာ လူစည်ကားတဲ့ တက်ကြွတဲ့ လူထုဝါဒဖြန့် လှုံ့ဆော်ရေး အစည်းအဝေးများ ဖြစ်လာတယ်။

ရန်ကုန်မြို့မှာသာမက အနယ်နယ်အရပ်ရပ်သို့လဲ ပျံ့နှံ့သွား တယ်။

တည်ထောင်ခါစ တို့ဗမာ အစည်းအရုံးရဲ့ ထင်ရှားလှတဲ့ စည်းရုံး လှုပ်ရှားမှုအသွင်သဏ္ဍာန်နှစ်ခုကတော့ နိုင်ငံပြု စာစု အမှတ် ၁ မှ အမှတ် ဂ အထိ ထုတ်ဝေခြင်းနှင့် တို့ဗမာသီချင်း သီဆိုခြင်း ဖြစ်တယ်။

စာပေနှင့်ဂီတကို အများဆုံး အသုံးပြုသွားတယ်။ စာပေနှင့် ဂီတတို့ရဲ့ လှုံ့ဆော်မှုတန်ခိုးက ကြီးမားလှကြောင်း သက်သေ ဖြစ်ပါတယ်။

'ဗမာပြည်သည် တို့ပြည်၊ ဗမာစာသည် တို့စာ၊ ဗမာစကား သည် တို့စကား၊ ဗမာပြည်ကို ချစ်ပါ၊ ဗမာစာကို ချီးမြှင့်ပါ၊ ဗမာစကားကို လေးစားပါ' ဆိုတဲ့ ဆောင်ပုဒ်များဟာ တနိုင်ငံ လုံးမှာ ပွဲတင်ခတ်နေတယ်။

အဲဒီတုန်းက မြန်မာပြည်ရှိ မြို့ကြီးများနှင့် မြို့ကလေးတို့မှာ လမ်းနာမည်များကို အင်္ဂလိပ်အမည်၊ တရုပ်အမည်နှင့် ကုလား အမည်များ ပေးထားတယ်။

လမ်းအမည် ဆိုင်းဘုတ်များကိုလဲ အင်္ဂလိပ်လို ရေးထား တယ်။

လမ်းအမည်ပေးခြင်း၊ ဆိုင်းဘုတ်ရေးခြင်းကို မြူနီစီပယ် အဖွဲ့ များက ပြုလုပ်ကြခြင်း ဖြစ်တယ်။

မြူနီစီပယ် အဖွဲ့များဟာ ဒေသန္တရ ကိုယ်ပိုင်အုပ်ချုပ်ရေးမှုအရ အာဏာအနည်းအကျဉ်း ရှိတယ်။မြူနီစီပယ် လူကြီးတွေဟာ ကလဲ ရွေးကောက် တင်မြှောက်ထားတဲ့ မြန်မာလူကြီးတွေ ဖြစ်တယ်။

တို့ဗမာ အစည်းအရုံးက မြူနီစီပယ် အဖွဲ့များကို မြန်မာလို လမ်းအမည်များ ပြန်မှည့်ရန်နှင့် မြန်မာလို ရေးသားဖော်ပြရန် တိုက်တွန်း ဆော်သြကြတယ်။

တို့ဗမာ အစည်းအရုံးဟာ ဒေါင်းအလံကို အမျိုးသားအလံ အဖြစ်ဖြင့် လက်ခံပြီး လူအများက အိမ်မှာသော်လည်းကောင်း၊ အစည်းအဝေးမှာသော်လည်းကောင်း၊ အများပြည်သူနှင့်ဆိုင်ရာ အဆောက်အဦများမှာလည်းကောင်း ချိတ်ဆွဲကြရန် နှိုးဆော် တိုက်တွန်းတယ်။

အားလုံးအတွက် တပုံစံတည်းဖြစ်အောင် နမူနာပြ ရေးဆွဲ ချုပ်လုပ်ပေးတယ်။

ကမ္ဘာက အသိအမှတ်ပြုသော တို့ဗမာတိုင်းသုံးတဲ့ အမျိုးသား အလံတခု ဖြစ်ပေါ်ရေးအတွက် လှုံ့ဆော် စည်းရုံးခြင်းကိုက အမျိုးသားရေး တိုက်ပွဲတရပ်ဘဲဗျာ။

တို့ဗမာ အစည်းအရုံးဟာ တိုင်းပြည်နှင့် လူမျိုးအတွက် ကိုယ်ကျိုးစွန့် ဆောင်ရွက်ခဲ့ကြတဲ့ အမျိုးသား အာဇာနည်များကို ဂုဏ်ပြုတယ်။

နောင်လာနောက်သားတို့ သင်ခန်းစာယူကြရန်နှင့် အားကျကြစေရန် အထိမ်းအမှတ်ပွဲများ ပြုလုပ်တယ်။

ဦးဝိစာရကိုယ်တော်ကြီးဟာ နယ်ချဲ့သမားက ထောင်သွင်းအကျဉ်းချခံရစဉ် မတရား ဖိနှိပ်မှုများကို ကန့်ကွက်တဲ့အနေနှင့် အစာငတ်ခံ ဆန္ဒပြခဲ့တယ်။

ရက်ပေါင်း ၁၆၆ ရက် ကြာအောင် အစာငတ်ခံ ဆန္ဒပြပြီးနောက် ပျံလွန်တော်မူသွားရှာတယ်။

၁၂၉၂ ခုနှစ် တော်သလင်းလကွယ် တနင်္ဂနွေနေ့ည ရွှေတိဂုံကုန်းတော်ပေါ်မှာ တို့ဗမာအစည်းအရုံးက ဆီမီး တထောင်ထွန်းပြီး ပျံလွန်တော်မူခဲ့တဲ့ အရှင်ဦးဝိစာရကို ဂုဏ်ပြု ပူဇော်လိုက်တယ်။

တို့ဗမာ အစည်းအရုံးကို စတင် တည်ထောင်သူများဟာ တို့ဗမာတွေဟာ တိုင်းပြည်ရဲ့ အရှင်သခင် အစစ်တွေ ဖြစ်တယ်။

အင်းဂလိပ်တွေ၊ နိုင်ငံခြားသားတွေဟာ အရှင်သခင်အစစ်တွေ မဟုတ်။

တို့ဗမာတွေဟာ အကြောင်းမသင့် အခါမကောင်း၍ စိန်မှန်ကင်းစစ် ထင်းဖြစ်နေသလို အခိုက်အတန့်အားဖြင့် ကျွန်ဖြစ်နေရသော်လဲ သခင်သာ ဖြစ်တယ်၊ သခင်သာ ဖြစ်ရမယ်

စသည်ဖြင့် အားတင်းတဲ့အနေနှင့် မောင်၊ ကို၊ ဦး အစား သခင်ကို နာမည်ရှေ့က တပ်ကြတယ်။

အခြားသူများကိုလဲ သခင်တပ်ပြီး ခေါ်ကြတယ်။

ဒါကလဲ အမျိုးသားရေး လှုပ်ရှားမှုကြီး ဖြစ်လာတယ်။

အထက် ဖော်ပြပါ တို့ဗမာ အမျိုးသားရေး စိတ်ဓာတ် လှုံ့ဆော်မှုများ၊ ဝါဒဖြန့် လှုပ်ရှားမှုများနှင့် ပဏာမ အစပျိုး ပြီးနောက် အတန်ကြာမှ အောက်ပါအတိုင်း အဖွဲ့အစည်း အဖြစ်ဖြင့် တည်ထောင်လိုက်ကြတယ်ဗျာ။

(၁) သခင်ဗသောင်း- ဥက္ကဋ္ဌ။
(၂) သခင်သိန်းမောင်- အတွင်းရေးမှူး။
(၃) သခင်ဗတင်။
(၄) သခင်ထွန်းရွှေ။
(၅) သခင်ဟန်။
(၆) သခင်လှဘော်။
(၇) သခင်သိန်းဟန်။

ဒီဆောင်းပါးဟာ တို့ဗမာအစည်းအရုံးနှင့် သခင်လှုပ်ရှားမှု သမိုင်းမဟုတ်ဘဲ ၁၉၃၀ ပြည့်နှစ် တဝိုက် မြန်မာနိုင်ငံရေး သမိုင်းသာဖြစ်တဲ့အတွက် ဒီမျှဖြင့် တို့ဗမာကို တစခန်း ရပ်လိုက် ပါတယ်ဗျာ။

## မျက်နှာစုံညီ အစည်းအဝေးနှင့် ခွဲရေး တွဲရေး

နယ်ချဲ့စနစ်ဟာ အခြေအနေ တည်တံ့ပြီး အင်အားကောင်း နေချိန်မှာ လူမျိုးစုံ ပြည်နယ်စုံ ဘာသာစုံ ပါဝင်တဲ့ အင်ဒိယ အင်ပိုင်ယာကြီးကို တဗဟိုတည်းမှ ချုပ်ကိုင်ပြီး တနိုင်ငံတည်း အဖြစ်ဖြင့် တည်ထောင်ထားခဲ့တယ်။

မြန်မာပြည်ကို သိမ်းပိုက်ပြီးနောက် အင်ဒိယ အင်ပိုင်ယာထဲ မှာ ပြည်နယ်တခုအဖြစ်ဖြင့် ထည့်ထားလိုက်တယ်။

မြန်မာတို့သဘောနှင့် လုပ်ရတာ မဟုတ်ပါဘူး။ သူတို့ သဘောနှင့် သူတို့ လုပ်သွားခြင်း ဖြစ်ပါတယ်။

ပထမ ကမ္ဘာစစ်ကြီးမဖြစ်မီ ကာလတုန်းကပင် အချို့သော မြန်မာတွေက မြန်မာပြည်ကို အင်ဒိယပြည်မှ ခွဲထားရန် တောင်း ဆိုခဲ့ပါတယ်။

သို့သော် အင်းဂလိပ် နယ်ချဲ့ဟာ လုံးဝ ဂရုမပြုခဲ့ပါဘူး။

သို့သော် နယ်ချဲ့စနစ်ဟာ စီးပွားရေး အကြပ်အတည်းများ၊ နိုင်ငံရေး အကြပ်အတည်းများနှင့် ပြည်သူ လူထုရဲ့ ဆန့်ကျင်မှု၊ မကျေနပ်မှု၊ အုံကြွမှုတို့ကို ရင်ဆိုင်ရတဲ့အခါမှာ အင်ဒိယပြည်ကြီးကို တဗဟိုတည်းက ချုပ်ကိုင်ပြီး တနိုင်ငံတည်း တည်ထောင်ထားတဲ့မှုကို ပြောင်းလဲဘို့ ကြိုးပမ်းလာတယ်။

ခွဲ၍ အုပ်ချုပ်ခြင်း ပရိယာယ်ကို သုံးလာတယ်။

မြန်မာပြည်ကို အင်ဒီယ ပြည်မှ ခွဲထုတ်ရန် ခြေလှမ်းများ လှမ်းလာတယ်။

တနည်းဆိုရရင် မြန်မာပြည်မှာ ဖြစ်ပေါ်နေတဲ့ ဂျီစီဘီအေ ဝံသာနု လှုပ်ရှားမှုများ၊ တို့ဗမာ အမျိုးသားရေး သခင် လှုပ်ရှားမှုများနှင့် အခြားသော လူထု နယ်ချဲ့ဆန့်ကျင်ရေး လှုပ်ရှားမှုများကို အင်ဒိယအမျိုးသား ကွန်ဂရက်နှင့် အင်ဒိယပြည်သူတို့ရဲ့ နယ်ချဲ့ဆန့်ကျင်ရေး လှုပ်ရှားမှုကြီးမှ သီးခြား ကင်းကွာအောင် လုပ်ခြင်း ဖြစ်တယ်။

နောက်ပြီး အင်ဒိယပြည်၊ မြန်မာပြည်တို့မှာ ဖြစ်ပေါ်နေတဲ့ နယ်ချဲ့ဆန့်ကျင်ရေး တော်လှန်ရေးရဲ့ ဦးတည်ချက် ပြောင်းသွားအောင်၊ အမျိုးသား ခေါင်းဆောင်မှု ကွဲသွားအောင်၊ ပြည်သူ လူထု အာရုံပြောင်းသွားအောင် အုပ်ချုပ်ရေး ပြုပြင်ပြောင်းလဲရေး လုပ်ပေးဘို့၊ စုံစမ်းဘို့၊ စီစဉ်ဘို့ ဆိုင်မွန် ကော်မရှင်

စေလွှတ်ခြင်း၊ အင်္ဂလန်ပြည်မှာ အင်ဒိယပြည်ဆိုင်ရာ မျက်နှာစုံညီ အစည်းအဝေးကျင်းပခြင်း စသည်ဖြင့် လုပ်လာတယ်။

၁၉၃၀ ပြည့်နှစ် သြဂုတ်လမှာ ဖြစ်ပါတယ်။

အင်္ဂလန် ပြည်မှာ အင်ဒိယပြည် ဆိုင်ရာ မျက်နှာစုံညီ အစည်းအဝေးကို ကျင်းပနေပါတယ်။

မြန်မာပြည် ဘုရင်ခံဟာ ဦးဘဖေ (ခေါင်းဆောင်)၊ဦးမောင်မောင်အုံးခိုင်၊ ဦးအောင်သင်းနှင့် ဆာဒီဂလန်မီတို့ ပါဝင်တဲ့ ကိုယ်စားလှယ်အဖွဲ့ကို မျက်နှာစုံညီ အစည်းအဝေးသို့ စေလွှတ်လိုက်ပါတယ်။

ဘုရင်ခံက ဒီ ပုဂ္ဂိုလ်ကြီးများကို တိုင်းပြည်ရဲ့ ကိုယ်စားလှယ်များအဖြစ်ဖြင့် ရွေးချယ် စေလွှတ်ခြင်းဟာ အကြောင်းမဲ့ မဟုတ်ပါဘူး။

ဂျီစီဘီအေ ဝံသာနုတွေက ဒိုင်အာခီ အုပ်ချုပ်ရေးကို သပိတ်မှောက်ထားကြတယ်။ ဥပဒေပြု ကောင်စီကို မဝင်ကြဘူး။

ဦးဘဖေ စတဲ့ပုဂ္ဂိုလ်တွေက ဒိုင်အာခီ အုပ်ချုပ်ရေးကို လက်ခံအလုပ်လုပ်နေကြတယ်။ကောင်စီကို ဝင်နေကြတယ်။

သူတို့ဟာ ဗြိတိသျှတို့နှင့် ပူးပေါင်း ဆောင်ရွက်သူတွေဖြစ်တယ်။

နောက်ပြီးတော့ ဦးဘဖေနှင့် ကျန် ကိုယ်စားလှယ်အဖွဲ့ဝင်တွေဟာ အင်ဒီယပြည်မှ မြန်မာပြည် ခွဲထုတ်ရေးကို အရာရာထက် ဦးစားပေးပြီး ရှေ့ဆောင် ရှေ့ရှက် ပြုနေသူတွေ ဖြစ်တယ်။ ခွဲပြီးနောက် မြန်မာပြည်က ရမည့်အုပ်ချုပ်ရေးဟာ ဘယ်ပုံဘယ်သို့ ဖြစ်ရမည်ဟုပင် ကြိုတင် စည်းမျဉ်းသတ်မှတ် တောင်းဆိုခြင်း မပြုသူများ ဖြစ်တယ်။

ဒါ့ကြောင့် သူတို့ကို ဘုရင်ခံက တိုင်းပြည် ကိုယ်စားလှယ်များ အဖြစ်ဖြင့် ရွေးချယ်လိုက်တယ်။

မျက်နှာစုံညီ အစည်းအဝေးကျတော့ ဦးဘဖေက ဘာမှ ထွေထွေထူးထူး ပြောမနေတော့ဘူး။ မြန်မာပြည်ကို အင်ဒီယပြည်မှ သီးခြား ခွဲထုတ်ပေးပါရန် ဆိုတဲ့ အစီရင်ခံစာကိုဘဲ တင်လိုက်တယ်။

အင်ဒိယပြည်မှ ကုလား ကိုယ်စားလှယ် အများ အပြားပါဝင်တဲ့ မျက်နှာစုံညီ အစည်းအဝေးက

> "မြန်မာပြည်မှ ကိုယ်စားလှယ် တော်များ တင်ပြချက်များမှာ မြန်မာ တိုင်းသူပြည်သားများ၏ အစစ်အမှန် လိုလားချက်ဖြစ်သည်ဟု အသေအချာ ကောင်းစွာ မသိရသေးမီ ခွဲခွာလိုက်ခြင်းကြောင့် မြန်မာပြည်က ရရှိမည့် အုပ်ချုပ်မှု အခွင့်အရေးများ ယုတ်လျော့သွားခြင်း မရှိဟု မသိရှိရမီ မြန်မာပြည် ကိုယ်စားလှယ်တော်၏ အကြံပေးချက်ဖြစ်သော ခွဲခွာရေးကို မစီမံရန်"

လို ဆုံးဖြတ်လိုက်ပါတယ်။ သို့ပေမယ့် အင်ဒိယပြည် ဆိုင်ရာ မျက်နှာစုံညီ အစည်းအဝေး ရုပ်သိမ်းပြီး နောက်တရက် ၁၉၂၂ ခုနှစ် ဝါခေါင်လဆုတ် ၁၂ ရက်နေ့၊ ၁၉၃၀ မြည့်နှစ် ဩဂုတ် ၂၀ ရက်နေ့ ဗုဒ္ဓဟူးနေ့မှာ အင်ဒိယပြည်ဆိုင်ရာ အတွင်းဝန်ချုပ်က မြန်မာပြည်ကို အင်ဒိယပြည်မှ ခွဲထုတ်ရန် ဗြိတိသျှအစိုးရက ဆုံးဖြတ်လိုက်ပြီ ဖြစ်ကြောင်း ကျေညာလိုက်တယ်။

ခွဲခွာခြင်းအားဖြင့် မြန်မာပြည်အတွက် အုပ်ချုပ်ရေး တိုးတက်မှုကို ထိခိုက်စေမည် မဟုတ်ကြောင်း၊ မြန်မာပြည်အတွက် ဗြိတိသျှပိုင်ဆိုင်သော နယ်ပယ်အတွင်း၌ ကိုယ်ပိုင် အုပ်ချုပ်ရေးနှင့် နေထိုင်နိုင်သော နိုင်ငံတနိုင်ငံ ဖြစ်စေရန် ရည်ရွယ်ချက်ထားရှိကြောင်း မြန်မာပြည်ကို အုပ်ချုပ်ရေး ပြုပြင်ပေးရန် မြန်မာပြည်ဆိုင်ရာ မျက်နှာစုံညီအစည်းအဝေးတရပ် သီးခြားသီးသန့် ပြုလုပ်ပေးမည်ဖြစ်ကြောင်း အာမခံပေးလိုက်တယ်ဗျာ။

ဗြိတိသျှကျွန်ဘဝမှ ရုန်းထွက်ရန် တာစူနေကြတဲ့ မြန်မာပြည်သူတွေကို အင်ဒိယပြည်နှင့် ခွဲရေး တွဲရေး ပြဿနာသို့ အာရုံပြောင်းပေးလိုက်ခြင်း ဖြစ်တယ်ဗျာ။

## ပထမဆုံး မြန်မာ ဘုရင်ခံဖြစ်ခြင်း

နယ်ချဲ့သမားတွေဟာ စီးပွားရေး လက်ဝါးကြီးအုပ်မှုနှင့် အခြားသော အခြေခံအကျိုးစီးပွားများကို မထိခိုက်သရွေ့တော့ ပြည်သူတွေရဲ့ အမျိုးသားစိတ်နှင့် လူမျိုးရေးဝါဒကို အတတ်နိုင်ဆုံး လိုက်လျောကြတယ်။ ဒီနည်းနှင့် ချေးသိပ်ဖို့ ကြိုးပမ်းကြတယ်။

'ဗမာစာသည် တို့စာ၊ ဗမာစကားသည် တို့စကား' စတဲ့ ကြွေးကြော်သံများ ပဲ့တင်ခတ်လာတော့ တက္ကသိုလ်မှာ မြန်မာစာဌာန ဖွင့်ပေးတယ်။

ဒါမှလဲ မြန်မာစာကို သူတို့လိုချင်တဲ့ စည်းမျဉ်းဘောင်ထဲမှာဝါဒထဲမှာ သွင်းထားနိုင်မယ်လို့ ယူဆတယ်။

ထိုနည်းရင်းဘဲ၊ ရာထူးကြီးတွေမှာ မြန်မာများကို ခန့်စပြု လာတယ်။ သူတို့ စည်းမျဉ်းဘောင်နှင့် မူဝါဒထဲမှာ စိတ်ချ လက်ချ သွင်းထားနိုင်တဲ့ လူတွေကို ခန့်ခြင်းဖြစ်တယ်။

အင်းဂလိပ်ဘုရင်ခံ ဆာ ချားလ်အင်းနစ် ခွင့်ယူပြီး အင်ဂလန် ပြန်သွားစဉ်မှာ ဆာ ဂျေ-အေ မောင်ကြီးကို ခေတ္တ ဘုရင်ခံ ခန့်လိုက်ခြင်းဟာ အထင်ရှားဆုံးသော သာဓကပါဘဲ။

ဆာ ဂျေ-အေ မောင်ကြီးဟာ ဗိလပ်ပြန် ဝတ်လုံတော်ရ ရှေ့နေကြီးဖြစ်တယ်။

၁၉၂၃ ခုနှစ်က ဘုရင်ခံ အတိုင်ပင်ခံ ကောင်စီမှာ ပြည်ထဲ ရေး တာဝန်ခံ အမတ်ချုပ်ကြီး (ဝန်ကြီး) ခန့်အပ်ခြင်း ခံရ တယ်။

၁၂၉၂ ခုနှစ် ဝါခေါင်လဆုတ် ၄ ရက် (၁၉၃၀ ပြည့်နှစ် ဩဂုတ်လ ၁၂ ရက်)နေ့မှာ ပထမဆုံး မြန်မာဘုရင်ခံအဖြစ်ဖြင့် ကျမ်းသစ္စာဆိုခဲ့တယ်။

အခါတိုင်းလို ကျမ်းသစ္စာဆိုခြင်းကို ဘုရင်ခံ အိမ်တော်မှာ မလုပ်ဖူး။ လူအများ မြင်သာအောင် အတွင်းဝန်များရုံး ဥပဒေပြု လွှတ်တော် အဆောက်အအုံရှေ့မှာ ခမ်းနား ကြီးကျယ်စွာနှင့် ကျမ်းသစ္စာဆိုပွဲ ပြုလုပ်တယ်။အမြောက် ၁၇ ချက်ပင် ပစ်ဖောက် လိုက်သေးတယ်။

ခေတ္တ ဘုရင်ခံ ဖြစ်သည့်အခိုက် (၃ လ ကျော်ကျော် ထင်ပါရဲ့)အဆောင်အယောင် အပြည့်အစုံနှင့် မိုင်ပေါင်းများစွာ တိုင်းခန်းလှည့်လည်ခဲ့ပါတယ်။

ဗြိတိသျှ နယ်ချဲ့သမားက ပြည်သူတွေရဲ့ အမျိုးသားစိတ်၊ လူမျိုးရေးဝါဒကို လိုက်လျော ချော့မော့လိုက်ခြင်းဖြစ်ပါတယ်။

၁၉၃၀ ပြည့်နှစ်ထဲမှာ ဗြိတိသျှနယ်ချဲ့သမားဟာ မြန်မာ ပြည်သူတွေရဲ့ နယ်ချဲ့ဆန့်ကျင်ရေး ဒေါသကို ကုလား ဗမာ အဓိကရုဏ်း ဒေါသအဖြစ်သို့ ပြောင်းလဲသွားအောင် လုပ်ကြံ ဖန်တီးခဲ့တယ်။

ဂျီစီဘီအေ ဝံသာနု လှုပ်ရှားမှုနှင့် တို့ဗမာအမျိုးသားရေး ဝါဒ သခင်လှုပ်ရှားမှုတို့ရဲ့ တော်လှန်ရေး ဦးတည်ချက် ပျက်ပြား သွားအောင်, မျက်နှာစုံညီ အစည်းအဝေး ကျင်းပပေးတယ်။

ပြည်သူတို့ရဲ့ နယ်ချဲ့ဆန့်ကျင်ရေး နိုင်ငံရေးအာရုံ ပြောင်း သွားအောင် အင်ဒိယပြည်မှ မြန်မာပြည်ကို ခွဲထုတ်မည်လို့ ပြဋ္ဌာန်းပေးပြီး ခွဲရေး တွဲရေး ပြဿနာကို ရှေ့တန်းတင်ပေး လိုက်တယ်။

နယ်ချဲ့ ပေါ်လစီများရဲ့ ကြမ်းကြုတ်ရက်စက်မှုများက ဖုံးဖိ ကာကွယ်ရအောင် ပထမဆုံး မြန်မာဘုရင်ခံ ခန့်ထားပေးလိုက် တယ်။

သို့သော် မြန်မာဘုရင်ခံ မျက်နှာဖုံးစွပ်ထားတဲ့ နယ်ချဲ့ သမားရဲ့ လိမ်လည်မှုကို မြန်မာပြည်သူတွေက မခံကြဘူးဗျ။

## ဆရာစံ ခေါင်းဆောင်သော ဂန္ထုန်ဆူပုန်

နယ်ချဲ့ အရင်းရှင်များဟာ အမျိုးသား ခေါင်းဆောင်မှု တပိုင်းကို သူ့ဘက်ပါအောင် နိုင်ငံရေး လိုက်လျောချက် အချို့ လုပ်နိုင်သော်လည်း၊ တစုံတခုသော အတိုင်းအတာအထိ လူမျိုးရေးဝါဒကို အလိုလိုက် နှစ်သိမ့်နိုင်သော်လည်း စီးပွားရေးကပ်ကြီးရဲ့ ဒဏ်ရာ ဒဏ်ချက်များနှင့် ဝန်ထုပ်ဝန်ပိုများကို အလုပ်သမားများနှင့် တောင်သူ လယ်သမားများရဲ့ ပခုံးပေါ်သို့ လွှဲချခြင်းဆိုတဲ့ ပေါ်လစီကိုတော့ မပြုပြင်မပြောင်းလဲနိုင်ဘူးဗျ။

မြန်မာပြည်ဟာ အဓိကအားဖြင့် စိုက်ပျိုးရေးနိုင်ငံ ဖြစ်တဲ့အတွက် အဲဒီဝန်ထုပ်ဝန်ပိုတွေဟာ တောင်သူလယ်အမားတွေရဲ့ ပခုံးပေါ်ကို အများဆုံး ကျရောက်လာတယ်။

ဆန်စပါးဈေး ကျလို့ဘဲဖြစ်ဖြစ်၊ ပဲပြုလေးဈေး ကျလို့ဘဲ ဖြစ်ဖြစ် တောင်သူ လယ်သမားဘဲ နစ်နာတယ်။

ရေနံဆီနှင့် မီးခြစ်ဈေးတက်လို့ဘဲဖြစ်ဖြစ်၊ လုံချည်နှင့် ဆား ဈေးတက်လို့ဘဲဖြစ်ဖြစ်၊ တောင်သူ လယ်သမားဘဲ ခံရတယ်။

တောင်သူ လယ်သမားဆိုရင် မြေမဲ့ ယာမဲ့ လယ်ကူလီ စာရင်း ငှားရော၊ ကိုယ်ပိုင် ကိုယ်လုပ်ရော၊ ချမ်းသာသော တောင်သူ လယ်သမားပါ ကြပ်တည်းသွားကြတယ်။

ကြွေးဆပ်ရေးအခက်၊ သီးစားခပေးရေးအခက်၊ အခွန်တော် ပေးရေးအခက်၊ ဒါတွေ ပေးလိုက်တော့လဲ ဝမ်းရေးအခက် ခက်ပြီးရင်း ခက်ရင်း ဖြစ်ကုန်ကြတယ်။

မြန်မာပြည် အစိုးရလို့ ခေါ်တဲ့ အင်းဂလိပ် အစိုးရဟာ အခက်အခဲမျိုးစုံနှင့် ရင်ဆိုင်နေရတဲ့ တောင်သူ လယ်သမားများ ကို သက်သာအောင် တစုံတရာ မဆောင်ရွက်နိုင်ရုံမက ကြွေးရှင် မြေရှင်ဘက်မှနေပြီး ကြွေးအတင်းတောင်းတယ်။ မြေရှင်ဘက်မှ နေပြီး သီးစားခ အတင်းတောင်းတယ်။

သူ့ ဖိနှိပ်မှု ယန္တရား လည်ပတ်ရေးအတွက် အခွန်တော်ငွေ များကို အတင်းတောင်းတယ်။ မပေးနိုင်သူကို ကြမ်းကြုတ်စွာ ဖိနှိပ်နေတယ်။

ဆရာစံဟာ ဦးစိုးသိန်း ဂျီစီဘီအေ ဝံသာနု အဖွဲ့ချုပ်မှ စည်းရုံးရေးမှူးတယောက်ဖြစ်တယ်။

တာဝန်အရ နယ်တွေ လှည့်ပြီး တောင်သူ လယ်သမားတွေရဲ့ အခြေအနေကို စုံစမ်း လေ့လာရတယ်။

အခြေအနေမှန်ကို သိရှိပြီးတော့ ဦးစိုးသိန်း ဂျီစီဘီအေ ဗဟို အမှုဆောင်အဖွဲ့ကို တောင်သူလယ်သမား ဆင်းရဲသားများ သက်သာချောင်ချိစေဖို့ အခွန်တော်တွေ အတင်းအကြပ် ကောက်ခံ နေခြင်းကို ညီညီညွတ်ညွတ် ခုခံကာကွယ်ကြရန်နှင့် တောင်သူ လယ်သမားများရဲ့ အိမ်ခွန်ခေါ်နှင့် သစ်သား ခုတ်ယူခွင့်ကိုပင် ချုပ်ချယ်ထားတဲ့ သစ်တောဥပဒေကို ဆန့်ကျင် တိုက်ခိုက်ရန် ထောက်ခံတင်ပြလိုက်တယ်။

အထက်က တနေရာမှာ ကျွန်တော် ရှင်းလင်းတင်ပြခဲ့တဲ့ အတိုင်း ဦးစိုးသိန်း ဂျီစီဘီအေဟာ ဂျီစီဘီအေတွေထဲမှာ အတိုး တက်ဆုံး လက်ဝဲအဖွဲ့အစည်း ဖြစ်တယ်။

အင်းဂလိပ်အစိုးရနှင့် မဆက်ဆံရေး၊ အာဏာ ဖီဆန်ရေး၊ အခွန်တော် မပေးရေးစတဲ့ ဆုံးဖြတ်ချက်များအပြင် ဗော်လန် တီယာတပ်များ ဖွဲ့ရန်ပင် ဆုံးဖြတ်ထားတယ်။ အချို့နယ်များမှာ အစိုးရက မေးရင် မဖြေဘူး။ တောင်းရင် မပေးဘူးဆိုတဲ့ အစိုပ္ပာယ်မျိုးဖြင့် ဘူး သင်းများပင် တည်ထောင်ထားတယ်။

သို့သော် ဆရာစံက အထက်ပါအတိုင်း ထောက်ခံ တင်ပြ လိုက်တဲ့အခါမှာ ဦးစိုးသိန်း ဂျီစီဘီအေ ဗဟိုအမှုဆောင် အဖွဲ့ ဟာ တွေဝေသွားတယ်။

ဆရာစံ ထောက်ခံတင်ပြတာက အစည်းအဝေးဆုံးဖြတ်ချက် နယ်ပယ်မှကျော်ပြီး လက်တွေ့ တိုက်ပွဲဆင်ရန် ဖြစ်တယ်။

အခွန်တော်မပေးရေးတိုက်ပွဲကို ဆင်နွှဲရင်း လက်နက်ကိုင် ပုန်ကန်ထကြွမှု ဖြစ်လာမယ်လို့ မြင်ကြတယ်။ လက်နက်ကိုင် ပုန်ကန်ထကြွရန် အချိန်မကျသေးလို့ ထင်ကြတယ်။

ဆရာစံကတော့ လက်နက်ကိုင်ပုန်ကန်ထကြွရေးကိုဘဲ စိတ်ထဲက ဦးတည်ပြီး ဆောင်ရွက်နေဟန် ရှိပါတယ်။

ဗဟိုအမှုဆောင်အဖွဲ့က တွေဝေနေပေမယ့် နယ်မှာရှိတဲ့ ဂျီစီဘီအေ အဖွဲ့ခွဲ တော်တော်များများက ဆရာစံကို ထောက်ခံနေကြတယ်။

ဒါကြောင့် ဆရာစံဟာ ဦးစိုးသိန်း နှင့် ဂျီစီဘီအေနှင့် ဆက်လက် ခရီးမသွားတော့ဘဲ သူ့ဖာသာသူ လျှို့ဝှက် စည်းရုံးတော့တယ်။

သူ့ကို ထောက်ခံနေတဲ့ နယ်အဖွဲ့အစည်းများကို အချိန်ကျတော့ ထ ရန် ပြင်ဆင်ထားဘို့ အတွင်းစကား မှာကြားထားတယ်။

အနယ်ပွယ် အရပ်ရပ်ရှိ များစွာသော ဂျီစီဘီအေတွေကာ သဿမေဓ အခွန်တော်ထို ဆန့်ကျင်နေကြတယ်။

ပုလိပ်အဖွဲ့၊ ဥပဒေပုဒ်မ၊ တရားရုံး၊ အကျဉ်းထောင် စသည်တို့ဖြင့် အမျိုးမျိုး ဖိနှိပ်ချုပ်ချယ်နေတဲ့ အင်းဂလိပ်အစိုးရကို အမုန်းကြီး မုန်းနေကြတယ်။

တောင်သူလယ်သမားတွေဟာ သီးစားခပေးရေး၊ ကြွေးဆပ်ရေးနှင့် အခွန်တော်ဆောင်ရေးကို လုံးဝ ဖျက်သိမ်းမရတောင် အချိန်ဆိုင်းထားလိုကြတယ်။

လျှော့ပေးပါလို့ တောင်းတဲ့နေရာမှာ တောင်းတယ်။ ဆိုင်းပေးပါလို့ တောင်းတဲ့နေရာ တောင်းတယ်။

သာဂေျ-အေမောင်ကြီး ခေတ္တဘုရင်ခံအဖြစ်ဖြင့် တိုင်းခန်းလှည့်လည်တဲ့အခါမှာ ဒီအသံတွေကို အများဆုံး ကြားရတယ်။ ဒါပေမယ့် သူဟာ မကြားချင်ယောင် ဆောင်နေရတယ်။ မကြားချင်ယောင် ဆောင်မရတော့လဲ မလိုက်လျောနိုင်လို့ ဝမ်းနည်းကြောင်း ဖြေကြားရတယ်။

သူ့နောက်ကရှိတဲ့ နယ်ချဲ့ ဖိနှိပ်ချုပ်ချယ်မှု ယန္တရားကြီးကတော့ သီးစားခကြွေးနှင့် အခွန်တော်တွေကို မရရအောင် အကြမ်းဖက်ပြီး တောင်းနေတယ်။

ဝရမ်းကပ်တာတွေ၊ လေလံပစ်တာတွေ၊ ဖမ်းတာ ဆီးတာ တွေသာမကတော့ဘူး။ ပုလိပ်များ၊ စစ်ပုလိပ်များနှင့် စစ်တပ်များဟာ ရွာတွေဝင်စီး၊ အိမ်တွေ မီးရှို့၊ လူတွေပစ်ခတ် သတ်ဖြတ်၊ မိန်းမတွေ မုဒိမ်းကျင့် စသည်ဖြင့် ဘီလူး သရဲသဖွယ် ရက်စက်ကြမ်းကြုတ်မှုကို ပြုကြတယ်။

ဒီအခြေအနေမှာ မြန်မာသက္ကရာဇ် ၁၂၉၂ ခုနှစ် ပြာသိုလဆန်း ၄ ရက်၊ ခရစ်သက္ကရာဇ် ၁၉၃၀ ပြည့်နှစ် ဒီဇင်ဘာ ၂၂ ရက် တနင်္လာနေ့မှာ သာယာဝတီမြို့နယ် ရေတိုက်ရွာမှ စပြီး ဆရာစံ ခေါင်းဆောင်တဲ့ တောင်သူလယ်သမား ထောင်ပေါင်းများစွာဟာ ရရာလက်နက်များကို ကိုင်စွဲပြီး ပုန်ကန်ထကြွကြတော့တယ်။

တမုဟုတ်ချင်း အခြေးသော ခရိုင်အချို့ကိုလဲ ကူးစက်သွားတယ်။ အုံ့ကြွစရာကောင်းတာက ဂဠုန်အရေးတော်ပုံဟာ အစစအရာရာ အောက်ကျ နောက်ကျ ဖြစ်နေပါတယ်ဆိုတဲ့ ရှမ်းပြည်အချို့ဒေသများကိုပင် ကူးစက်ပြန့်ပွားသွားခြင်း ဖြစ်ပါတယ်။

ဂျွန်ဆရာစံတို့ဟာ ရရာလက်နက် ကောက်ကိုင်ပြီး ပုန်ကန်ထကြွကြခြင်း ဖြစ်တယ်ဆိုရာမှာ ဓား၊လေးမြား၊ တူမီးသေနတ်၊ နှလုံးပူးသေနတ် စသည်တို့ကိုသာ ဆိုလိုတာမဟုတ်ပါဘူး။ အင်းအိုင် လက်ဖွဲ့မီးဆေး၊ ထိုးကွင်း စတဲ့ လက်နက်မျိုးကိုလဲ အသုံးချရတယ်။

သုပဏ္ဏကက ဂဠုန်ရာဇာ ဆိုတဲ့ဘွဲ့၊ မင်းအဖြစ် ဘိသိက် သွန်းလောင်းတယ်ဆိုတဲ့ အဆောင်အယောင်စတဲ့ ပဒေသရာဇ်သြဇာ အရှိန်အဝါများကိုလဲ ဖန်တီးအသုံးချရတယ်။ ဆရာစံဟာ ဒါတွေကို ယုံချင်ယုံမယ်၊ မယုံချင်နေမယ်။ သို့သော် ရရာ လက်နက်အမျိုးမျိုးကို ကိုင်ပြီး ပုန်ကန်ထကြွခြင်းကြောင့် အတော်ဘဲ ထိရောက်တယ်။

ခေတ်မှီ လက်နက်များ ပိုင်ဆိုင်တဲ့ ကမ္ဘာမှာ အင်အားအကြီးဆုံးဖြစ်တဲ့ အင်းဂလိပ် နယ်ချဲ့သမားကို တနှစ်ကျော်ကြာအောင် အနံတု ဖက်ပြိုင်'စိမ်'ခေါ် နိုင်ခဲ့တယ်။

မြန်မာတိုင်းရင်းသား ပြည်သူအများကို နယ်ချဲ့ဆန့်ကျင်ရေး စိတ်ဓာတ်ဖြင့် သိမ့်သိမ့်တုန်စေပြီး နှစ်ထောင်းအားရ ဖြစ်စေတယ်။

၁၉၃၀ ပြည့်နှစ်ဟာ ကုလား ဗမာ အဓိကရုဏ်းဖြစ်တဲ့နှစ်၊ တို့ဗမာ အစည်းအရုံး တည်ထောင်တဲ့နှစ်၊ ဘိလပ်မှာ မျက်နှာစုံညီ အစည်းအဝေး ကျင်းပတဲ့နှစ်၊ မြန်မာပြည်ကို အင်ဒိယပြည်မှ ခွဲထွက်ရန် အင်းဂလိပ်အစိုးရက ဆုံးဖြတ်တဲ့နှစ်၊ပထမဆုံး မြန်မာဘုရင်ခံဖြစ်တဲ့နှစ်၊ ဆရာစံခေါင်းဆောင်တဲ့ ဂဠုန်သူပုန် စတင်ထကြွတဲ့နှစ် ဖြစ်ခြင်းကြောင့် မြန်မာ နိုင်ငံရေးသမိုင်းမှာ ထူးခြားလှတဲ့နှစ်တနှစ် ဖြစ်ပါကြောင်းဗျာ။